NLTA
Nyan Lynn Thit Analytica






# အကြမ်းမဖက်အာဏာဖီဆန်ခြင်းမှ
# အသံများကိုဖော်ထုတ်ခြင်း

NLTA
Nyan Lynn Thit Analytica
Vol.1, No.2, November 2022

# မာတိကာ

အမှာစာ စာ-၄

နိဒါန်း စာ-၅

၁ အချက်အလက်စုဆောင်းခြင်းနှင့် စာတမ်းလေ့လာခြင်းနည်းလမ်းများ စာ-၇

၂ စစ်တမ်းမေးခွန်းလွှာမှ သုတေသနတွေ့ရှိချက်များ စာ-၈

(၂.၁) လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများ၏စစ်တမ်းအချက်အလက်များ
(၂.၂) တော်လှန်ရေးအပေါ် လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများ၏အမြင်များ
(၂.၃) လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများ၏လုပ်ငန်းခွင်မှစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်း (GS-CDMer) များအပေါ်အမြင်များ
(၂.၄) လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများ အပေါ်ကြေညာချက်များ
(၂.၅) လုပ်ငန်းခွင်မစွန့်ခွာခြင်းအပေါ် စိုးရိမ်ချက်များ

၃ စစ်တမ်းမေးခွန်းလွှာမှ လုပ်ငန်းခွင်မှ စွန့်ခွာသူ နိုင်ငံ့ဝန်ထမ်း (GS-CDMers) များ၏ စစ်တမ်းအချက်အလက်များ စာ-၁၆

(၃.၁) တော်လှန်ရေးတွင် လုပ်ငန်းခွင်မှစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများ (GS-CDMers) များ၏ အခြေအနေများ

၄ အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှု၏ လက်ရှိအခြေအနေ စာ - ၂၅

၅ လုပ်ငန်းခွင်မှ စွန့်ခွာသူ နိုင်ငံ့ဝန်ထမ်း (GS-CDMers) များအပေါ် ခြိမ်းခြောက်မှုများ စာ - ၂၈

၆ လုပ်ငန်းခွင်မှ မစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း စာ - ၃၀

နိဂုံး စာ - ၃၃

ရည်ညွှန်းအကိုးအကား စာ - ၃၇

# အမှာစာ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အရှိန်အဟုန်ဖြင့်ပေါ်ပေါက်လာခဲ့သည့် မြန်မာ့နွေဦးတော်လှန်ရေးနှင့် တော်လှန်ရေးလှုပ်ရှားမှုများသည် အာဏာသိမ်းစစ်ကောင်စီ၏ အာဏာတည်ဆောက်နိုင်မှုအား ယနေ့တိုင်ခြိမ်းခြောက်နေလျက်ရှိပါသည်။ တော်လှန်ရေးလှုပ်ရှားမှုထဲတွင် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement) သည် လူထုတရပ်လုံး တခဲနက်ပါဝင်နေသော လှုပ်ရှားမှုလည်း ဖြစ်ပါသည်။ မီတာခမဆောင်ခြင်း၊ သံဗုံးတီးဆန္ဒထုတ်ဖော်ခြင်း၊ အသံတိတ်သပိတ်များလုပ်ဆောင်ခြင်း၊ လုပ်ငန်းခွင်အတွင်းမှ စစ်ကောင်စီ၏ သတင်းအချက်အလက်များကို ထုတ်ဖော်ပေးနေခြင်း၊ လုပ်ငန်းခွင်မှစွန့်ခွာခြင်း စသည့်လှုပ်ရှားမှုများသည် CDM လှုပ်ရှားမှုများပင်ဖြစ်ပါသည်။ လူထုအနေဖြင့် အစဉ်အမြဲ သတိချပ်ရန်မှာ CDM လှုပ်ရှားမှုသည် စစ်အာဏာရှင်ဆန့်ကျင်ရေးတွင် ပါဝင်သူတဦးချင်းစီ၏ ကိုယ်ပိုင်ဆုံးဖြတ်ရပ်တည်ချက်ပင် ဖြစ်ပြီး မည်သူတဦးတယောက်မျှ ဖိအားပေးစေခိုင်း၍ မရပါ။ သို့ပါ၍ ယခုစာတမ်းတွင် နွေဦးတော်လှန်ရေးအတွက် ကျယ်ပြန့်အားကောင်းသည့် ထောက်တိုင်တခုဖြစ်သော လုပ်ငန်းခွင်မှစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများ (GS-CDMers) များနှင့် စစ်ကောင်စီလက်အောက်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေသည့် လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများ အကြား ပုံဖော်သတ်မှတ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းတို့မှတဆင့် အမုန်းထားမှုများ၊ ပြစ်တင်ပြောဆိုခြင်းများကို လျှော့ချနိုင်ရန်နှင့် တရားမျှတမှုများဆောင်ကြဉ်းပေးနိုင်ရန် အလေးထားပြီး လေ့လာရေးသားထားပါသည်။

ဤစာတမ်းမှတဆင့် တော်လှန်ရေးကာလအလွန်တွင်ငြိမ်းချမ်းလုံခြုံသည့် လူ့အဖွဲ့အစည်းတရပ် ပေါ်ထွန်းနိုင်ရေးအတွက် တစိတ်တပိုင်းအနေဖြင့် အထောက်အကူဖြစ်စေရန်နှင့် စစ်အာဏာရှင်ဆန့်ကျင်ရေးသာမက မတရားဖိနှိပ်မှုပုံစံမျိုးစုံကို တွန်းလှန်နိုင်စေရန် ရည်ရွယ်ပါသည်။

# နိဒါန်း

အကြမ်းမဖက်အာဏာဖီဆန်ခြင်း(Civil Disobedience Movement–CDM)သည် တရားမျှတမှုမရှိသည့် ဥပဒေ၊ အစိုးရ (သို့မဟုတ်) လူမှုစံနှုန်းများကို အကြမ်းမဖက်သည့်နည်းလမ်းများဖြင့် ဆန္ဒအလျောက် ထုတ်ဖော်ဆန့်ကျင်ခြင်း ဖြစ်သည်။ နွေဦးတော်လှန်ရေး အစ ၂၀၂၁ ခုနှစ် အစောပိုင်းတွင် အာဏာရှင်အုပ်ချုပ်ရေးယန္တရား မတည်ဆောက်နိုင်ရန် လုပ်ငန်းခွင်မှ စွန့်ခွာသည့် လှုပ်ရှားမှုသည် တော်လှန်ရေးအောင်မြင်ရန်အတွက် တခုတည်းသောနည်းလမ်းဖြစ်သည်ဟု ပြည်သူလူထုက ယုံကြည်ကြသောကြောင့် CDM လှုပ်ရှားမှုတွင်ပါဝင်ရန် တွန်းအားပေးမှုများ အဆက်မပြတ်ဖြစ်ခဲ့သည်။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw)၊ အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government) နှင့် အခြားတော်လှန်ရေးအင်အားစုများက အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် လုပ်ငန်းခွင်မှ စွန့်ခွာခြင်းဖြင့်ပါဝင်သူများအတွက် ငွေကြေးနှင့် အခြားပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး CDMတွင် ပူးပေါင်းပါဝင်ရန် နှိုးဆော်မှုများစွာရှိခဲ့သည်။ ထိုယုံကြည်ချက်များကြောင့် CDM လှုပ်ရှားမှုနှင့်ပတ်သက်၍ အကန့်အသတ်ရှိသော အမိပ္ပာယ်ဖွင့်ဆိုချက်များနှင့် နားလည်သဘောပေါက်မှုများ ပေါ်ပေါက်လာခဲ့သည်။ သို့သော် နွေဦးတော်လှန်ရေး ၂ နှစ်နီးပါးကြာမြင့်လာပြီးသည့်နောက်တွင် CDMအပေါ် လူထု၏နားလည်ချက်များသည် ရင့်ကျက်လာပြီး CDMတွင် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ တဦးတယောက်ချင်းစီ၏ ရွေးချယ်မှုအပေါ်ဝေဖန်၍ မရကြောင်း သဘောပေါက်လာသည်။

စစ်ကောင်စီ၏လုပ်ရပ်များနှင့် ၎င်းတို့ထုတ်ပြန်သည့် အမိန့်၊ ကြေညာချက်များအား တတ်နိုင်သည့် နည်းလမ်းတခုခုဖြင့်ဆန့်ကျင်သူများ၊ တော်လှန်ရေးဖြစ်စဉ်အားထောက်ခံသူ မည်သူမဆို လက်တွေ့တော်လှန်ရေးလုပ်ငန်းများ၊ ဆန္ဒပြကန့်ကွက်တောင်းဆိုမှုများနှင့် လုပ်ငန်းခွင်စွန့်ခွာသည့် CDM လှုပ်ရှားမှုတို့တွင် တိုက်ရိုက်ပါဝင်ခြင်းမရှိသည့်တိုင် စစ်ကောင်စီ၏လုပ်ရပ်များနှင့် တရားဝင်မှုအား ငြင်းဆန်သူများ (သို့) အကြမ်း

မဖက်အာဏာဖီဆန်ခြင်းလှုပ်ရှားမှုတွင် ပါဝင်သူများဟု အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်နိုင်သည်။ ထိုသူတို့သည် အခက်အခဲများကြားမှ တော်လှန်ရေးကို တတ်နိုင်သ၍ ထောက်ခံနေဆဲဖြစ်သောကြောင့် အကြမ်းမဖက်အာဏာဖီဆန်မှုတွင် ပါဝင်သူများအဖြစ် သတ်မှတ်နိုင်သည်။

ထို့အပြင် "ဖရဲသီး"ဟု သတ်မှတ်ညွှန်းဆိုခံရသူများရှိပြီး ၎င်းတို့သည် စစ်ကောင်စီ၏ ယန္တရားအတွင်း ဆက်လက်လုပ်ကိုင်လျက် စစ်ကောင်စီ၏ လှုပ်ရှားဆောင်ရွက်မှုများ၊ တပ်ရွှေ့တပ်လှုပ်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များအား လူထုနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများထံ ဖြန့်ဝေပေးခြင်းဖြင့် တော်လှန်ရေးတွင် ထိရောက်စွာ ပါဝင်ကူညီနေလျက်ရှိပါသည်။

ကိုလိုနီလက်အောက်မှလွတ်မြောက်သည့် အချိန်မှစတင်ပြီး ခေတ်အဆက်ဆက် အခိုင်အမာတည်ရှိခဲ့သည့် ပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့် တရားမျှတမှုအားနည်းခြင်းတို့၏ အကျိုးဆက်အဖြစ် လူမျိုးစုများအကြား ပြန်လည်သင့်မြတ်ရေးမှအစ တိုင်းပြည်ထူထောင်ရေးနယ်ပယ်အထိ လေဟာနယ်များစွာပေါ်ပေါက်သည်။ အားကြီးသည့်တစုတဖွဲ့မှ လွှမ်းမိုးကြီးစိုးထားသည့် နိုင်ငံရေးနှင့် လူမှုစီးပွားအခင်းအကျင်းတရပ်သည်လည်း မိမိတို့ လူမှုအသိုင်းအဝိုင်းတွင် အခိုင်အမာ ဖြစ်ထွန်းလျက်ရှိပါသည်။ ထို့ကြောင့် "အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု" ၏ အရေးပါပုံကို သေချာစွာ နားလည်သဘောပေါက်ပြီး လက်တွေ့အကောင်အထည်ဖော် အသုံးချရန်မှာ စစ်အာဏာရှင်စနစ်အမြစ်ဖြုတ်ရေး၊ နိုင်ငံတော်အခင်းအကျင်းသစ်တည်ဆောက်ရေး၊ လူမျိုးကြီးဝါဒကင်းစင်ရေးကဲ့သို့သော အရေးကြီးသည့် တော်လှန်ရေးတောင်းဆိုချက်တခု အဖြစ်ပါဝင်လျက် ရှိသည်။

သို့ရာတွင် နွေဦးတော်လှန်ရေးကာလ အာဏာဖီဆန်ရေးလှုပ်ရှားမှုအဖြစ် လုပ်ငန်းခွင်မှ မစွန့်ခွာခဲ့သော နိုင်ငံ့ဝန်ထမ်းများ အားလုံးကို အပြစ်ပေးအရေးယူ၍ မရဘဲ လူ့အခွင့်အရေးချိုးဖောက်မှုများစသော လူသားထုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုဖြစ်စဉ်များတွင် ပါဝင်သည့်မည်သူ့ကိုမဆို ပါဝင်မှုအဆင့်အလိုက် ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန် အရေးကြီးပါသည်။ ထိုသို့ အကောင်အထည်ဖော်ရာတွင် ခိုင်မာတိကျသော စုံစမ်းစစ်ဆေးမှုများနှင့် လွတ်လပ်မျှတသည့်တရားရေးအစီအမံများ ကဲ့သို့သော အသွင်ကူပြောင်းရေးကာလ တရားမျှတမှုယန္တရားများကို ဖော်ထုတ်ကျင့်သုံးရန် လိုအပ်သည်။

၁

# အချက်အလက်စုဆောင်းခြင်းနှင့် စာတမ်းလေ့လာခြင်းနည်းလမ်းများ

အချက်အလက်များကို စုဆောင်းသည့်အခါ လုပ်ငန်းခွင်မှစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများ (GS–CDMers) များ နှင့် လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများကို မည်သည့်ကန့်သတ်ချက်မျှ မထားဘဲကောက်ယူခဲ့ပါသည်။ လူတိုင်းဖြေဆိုနိုင်ရန် ရည်ရွယ်၍ စစ်တမ်းအား လူမှုကွန်ယက်စာမျက်နှာများတွင်လည်း ဖော်ပြခဲ့ပါသည်။ တော်လှန်ရေးတိုင်းတွင် တော်လှန်သူများ၊ ကြားနေသူများနှင့် တော်လှန်ရေးအပေါ် ဆန့်ကျင်သူများ ရှိစမြဲဖြစ်၍ ဖြေဆိုသူများတွင် အထက်ပါအမျိုးအစားအားလုံး ပါဝင်နိုင်ခြေရှိပါသည်။

ခွဲခြမ်းစိတ်ဖြာခြင်းများပြုလုပ်ရန်အတွက် အချက်အလက်များကို အပိုင်း(၃)ပိုင်းဖြင့် ကောက်ယူခဲ့ပါသည်။ ပထမဆုံး အချက်အလက်စုဆောင်းခြင်းနည်းလမ်းမှာ ပြည်တွင်းသတင်းဌာန(၃)ခု၏ လူမှုကွန်ယက်စာမျက်နှာများမှတဆင့် စစ်တမ်းမေးခွန်းများကို တင်ကာ ကောက်ယူခဲ့ခြင်းဖြစ်သည်။ အဆိုပါ သတင်းဌာန (၃) ခုမှာ မြန်မာစာနယ်ဇင်းဓာတ်ပုံအေဂျင်စီ (Myanmar Pressphoto Agency) ၊ ဒီမိုကရက်တစ်မြန်မာ့အသံ(Democratic Voice of Burma) နှင့် ရန်ကုန်ခေတ်သစ်မီဒီယာ (Yangon Khit Thit Media) တို့ ဖြစ်သည်။ စစ်တမ်းတွင် လုပ်ငန်းခွင်စွန့်ခွာသူ (GS–CDMers) များနှင့် လုပ်ငန်းခွင်တွင် ဆက်လက်လုပ်ကိုင်နေသူများကို ဦးတည်သည့် မေးခွန်း (၂၈) ခုပါဝင်သည်။ GS–CDMers မေးခွန်းပုံစံများမှ ဖြေဆိုမှု စုစုပေါင်း (၄၅၅) ခုနှင့် လုပ်ငန်းခွင်တွင် ဆက်လက်လုပ်ကိုင်နေသူများကို ဦးတည်သည့် မေးခွန်းပုံစံများမှ ဖြေဆိုမှု (၂၅) ခုရရှိခဲ့သည်။ ဖြေဆိုသူ (၄၅၅) ဦးအနက်မှ GS–CDMers မဟုတ်သူ (၁၃) ဦးရှိ၍ စာတမ်းသုံးသပ်လေ့လာမှုများတွင်ထည့်သွင်းစဉ်းစားခြင်းမရှိပါ။ သို့ဖြစ်ပါ၍ (၄၄၂) ဦးကို စစ်တမ်းများအရ သုံးသပ်လေ့လာမှုများပြုလုပ်ထားပါသည်။ ဤစာတမ်းကို အချိန်ကာလ (၈) ရက်အတွင်း ကောက်ယူရရှိသော ဖြေဆိုမှုများမှ ဆန်းစစ်ထားခြင်းဖြစ်သည်။

အချက်အလက်စုဆောင်းခြင်း ဒုတိယနည်းလမ်းမှာ GS–CDMersများနှင့် လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများကို တဦးချင်းတွေ့ဆုံမေးမြန်းထားခြင်း ဖြစ်သည်။ လုပ်ငန်းခွင်မှစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်း (၉) ဦးနှင့် လုပ်ငန်းခွင်မှမစွန့်ခွာသူနိုင်ငံ့ဝန်ထမ်း (၃) ဦးတို့ကို တဦးချင်း အင်တာဗျူးများ ပြုလုပ်ခဲ့ပါသည်။ အချက်အလက်စုဆောင်းခြင်း တတိယနည်းလမ်းမှာ အာဏာသိမ်းခါစ ၂၀၂၁ ဖေဖော်ဝါရီလမှစ၍ လက်ရှိအချိန်ကာလ ၂၀၂၂ အောက်တိုဘာလအထိ ဉာဏ်လင်းသစ်သုတေသနအဖွဲ့မှ စုဆောင်းခဲ့သော အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာထားခြင်းပါသည်။


လုံခြုံရေးအပါအဝင် အခြေအနေအရပ်ရပ်အရ လုပ်ငန်းခွင်မှမစွန့်ခွာသူများအနေဖြင့် မိမိတို့၏ အွန်လိုင်းစစ်တမ်းကောက်ယူမှုများနှင့် လူတွေ့မေးမြန်းမှုများတွင် ပူးပေါင်းပါဝင်မှု နည်းပါးခဲ့သော်လည်း ဉာဏ်လင်းသစ်သုတေသနအဖွဲ့သည် ရေရှည်တွင် ဆက်လက်ကောက်ယူစုဆောင်းသွားမည်ဖြစ်ပြီး စာဖတ်သူများအနေဖြင့် မိမိတို့နှင့် နီးစပ်ရာ လက်ရှိနိုင်ငံ့လုပ်ငန်းများတွင်လုပ်ကိုင်နေသူများအား ဖြေဆိုမှုများတွင် ပိုမိုပူးပေါင်းပါဝင်လာရေးအတွက်ကူညီဆက်သွယ် ဆောင်ရွက်ပေးပါရန်လည်း မေတ္တာရပ်ခံလိုပါသည်။

## ၂

# စစ်တမ်းမေးခွန်းလွှာမှ သုတေသနတွေ့ရှိချက်များ

### (၂.၁) လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများ၏ စစ်တမ်းအချက်အလက်များ


လုပ်ငန်းခွင်မှမစွန့်ခွာသူနိုင်ငံ့ဝန်ထမ်းများကို ရည်ရွယ်သည့် အွန်လိုင်းစစ်တမ်းကို လူဦးရေစုစုပေါင်း (၂၅) ဦး ဖြေဆိုခဲ့သည်။ အွန်လိုင်းစစ်တမ်းတွင်ပါဝင်သူများ၏ အသက်အပိုင်းအခြားကို အောက်ပါပုံ (၁.၁) တွင် တွေ့မြင်နိုင်ပါသည်။




*ပုံ (၁.၁) ဖြေဆိုသူများ၏အသက်အပိုင်းအခြားနှင့် ကျား၊မ အချိုး*


စစ်တမ်းမေးခွန်းလွှာများကို ဖြေဆိုသူ အမျိုးသား (၇၂) ရာခိုင်နှုန်းရှိပြီး အမျိုးသမီး (၂၈) ရာခိုင်နှုန်း ရှိသည်။ ပုံ (၁.၁) တွင် ကြည့်နိုင်ပါသည်။

စစ်တမ်းတွင် ဖြေဆိုကြသူများ၏ အမြင့်ဆုံးရရှိထားသည့်ပညာအရည်အချင်းကို အောက်ပါ ပုံ (၁.၂) အတိုင်းတွေ့ရှိနိုင်ပြီး တက္ကသိုလ်ဘွဲ့ရများ အများဆုံးပါဝင် ဖြေဆိုကြောင်းတွေ့ရသည်။





*ပုံ (၁.၂) ဖြေဆိုကြသူများ၏ အမြင့်ဆုံးရရှိထားသည့်ပညာအရည်အချင်း*

အလုပ်လုပ်ကိုင်နေသည့် နေရာဒေသများကို ဇယားတွင် ပုံ (၁.၃) တွင် ဖော်ပြထားပြီး ရန်ကုန်တိုင်းအတွင်းမှ (၂၄) ရာခိုင်နှုန်းဖြင့် အများဆုံးဖြေဆိုကြသည်။





*ပုံ (၁.၃) ဖြေဆိုသူများ၏အလုပ်လုပ်ကိုင်နေသည့် နေရာဒေသများ (လူဦးရေ)*




*ပုံ (၁.၄) ဖြေဆိုသူများ၏အလုပ်လုပ်ကိုင်နေသည့် နေရာဒေသများ (ရာခိုင်နှုန်း)*

ဖြေဆိုသူများ၏အလုပ်လုပ်ကိုင်နေသည့် နယ်ပယ်များကို ပုံ (၁.၅) အောက်ပါ အတိုင်းတွေ့ရှိရပြီး အားလုံး အစိုးရဝန်ထမ်းများဖြစ်ကြသည်။




*ပုံ (၁.၅) ဖြေဆိုသူများ၏အလုပ်လုပ်ကိုင်နေသည့် နယ်ပယ်များ*

## (၂.၂) တော်လှန်ရေးအပေါ် လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများ၏ အမြင်များ

စစ်တမ်းဖြေဆိုသည့် လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းအများစုမှာ စစ်အာဏာသိမ်းပြီး အစောပိုင်းကာလများတွင် အာဏာသိမ်းဆန့်ကျင်ရေးဆန္ဒပြပွဲများတွင် ပါဝင်ခဲ့ကြသည်ဟု ဖြေဆိုခဲ့ကြသည်။ အချို့မှာ လုပ်ငန်းခွင်မှစွန့်ခွာရန်ပင် ကြိုးစားခဲ့ကြသော်လည်း ထိုအချိန်က ကိုယ်ရေးကိုယ်တာအခက်အခဲများကြောင့် လုပ်ငန်းခွင်မှစွန့်ခွာရန် အခွင့်အလမ်းမရခဲ့ကြကြောင်း ထည့်သွင်းဖြေဆိုခဲ့ပါသည်။ ထို့အပြင် စစ်တမ်းအား ပါဝင်ဖြေဆိုခဲ့ကြသည့် လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများ တဝက်ခန့်သည် အစောပိုင်းကာလ၌ လုပ်ငန်းခွင်မှစွန့်ခွာ၍ CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြသော်လည်း စားဝတ်နေရေးအခက်အခဲများ၊ ပတ်ဝန်းကျင်၏ ဖိအားနှင့်ခြိမ်းခြောက်မှုများကို ခုခံကျော်လွှားနိုင်ခြင်း မရှိသည့်အတွက် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခဲ့ရခြင်းဖြစ်ကြောင်းကိုလည်း ဖြေဆိုမှုများမှတဆင့်သိရှိရပါသည်။ သို့ရာတွင် စစ်ကောင်စီလက်အောက်တွင် ဆက်လက်လုပ်ကိုင်လျက် တော်လှန်ရေးသမားများ၊ GS-CDMers များနှင့် တော်လှန်ရေးဖြစ်စဉ်များကို တက်နိုင်သမျှဆက်လက်၍ အားပေးထောက်ခံမှုများနှင့် ပံ့ပိုးမှုများ ပြုလုပ်နေကြောင်း ဖြေဆိုသူအချို့လည်း ပါဝင်သည်။ ထို့ကြောင့်

နိုင်ငံ့လုပ်ငန်းခွင်မှ မစွန့်ခွာသူဆိုရုံမျှဖြင့် တော်လှန်ရေးအားဆန့်ကျင်နေသူများ (သို့မဟုတ်) တော်လှန်ရေး၏ရန်သူများအဖြစ် အကြွင်းမဲ့သတ်မှတ်၍မရဟူသည့်အချက်ကို ထင်ရှားစေပါသည်။

တော်လှန်ရေး၏အစောပိုင်းကာလများတွင် GS–CDMers များအတွက် ထောက်ပံ့မှုများ၊ လုပ်ခလစာများဆက်လက်ရရှိမည်ဟု အဖွဲ့အစည်းအသီးသီးမှ ကြေညာခဲ့သော်လည်း လက်တွေ့တွင် ထိရောက်စွာ အကောင်အထည်မဖော်နိုင်သည်ကို တွေ့ရှိရပါသည်။ CRPH၊ NUG၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသလုံခြုံရေးတပ်ဖွဲ့များမှ ရဲနှင့်စစ်သား GS–CDMers များအနေဖြင့် လက်နက်များကိုတပါထဲ ယူဆောင်လာပါက ငွေကျပ်သိန်းဆယ်ချီ၍ထောက်ပံ့ပေးမည်ဟုကြေညာထားပြီး လက်တွေ့လုပ်ဆောင်ခဲ့မှုအချို့ကိုလည်းတွေ့ရှိရပါသည်။ ***(လက်နက်များနှင့်ပြည်သူ့ဘက်ကူးပြောင်းရပ်တည်လာသော အရာရှိ၊ စစ်သည် ၁၈ ဦးကို ကျပ် သိန်း ၄၄၀ NUG ချီးမြှင့်, 2022)***

တဘက်တွင်လည်း အခြားဌာနများမှ GS–CDMers များအတွက် ငွေကြေးထောက်ပံ့မှု တစုံတရာရှိခဲ့သော်လည်း လုပ်ငန်းခွင်စွန့်ခွာသူတိုင်းအတွက် လွှမ်းခြုံမှုမရှိသည့်အပြင် ဌာနပေါင်းစုံမှ CDM တွင် ပါဝင်သူတိုင်းကို လုံလောက်မျှတစွာ ခွဲဝေပံ့ပိုးပေးနိုင်ခြင်းမရှိကြောင်းကိုလည်း တွေ့ရှိရပါသည်။ အထက်ပါအခြေအနေသည်လည်း GS–CDMers များအား လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်မှုကို ဖြစ်ပေါ်စေသည့် အကြောင်းအချက်များတွင် အရင်းခံအချက်တခုအဖြစ် ပါဝင်သည်။




***လက်နက်နှင့်ပြည်သူ့ဘက်ကူးပြောင်းလာသော အရာရှိစစ်သည် ၁၈ ဦးကို NUG မှ သိန်း ၄၄၀ ချီးမြှင့် (ရင်းမြစ်: People's Spring)***

လက်ရှိအချိန်တွင်လည်း လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိတ်ဆွေသူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် မိသားစုဆွေမျိုးများထံမှ အလုပ်မှနုတ်ထွက်ရန် ဖိအားပေးပြောဆိုမှုများ ရှိသကဲ့သို့ တဘက်တွင်လည်း အလုပ်ခွင်တွင် ဆက်လက်လုပ်ကိုင်နေသည့်အတွက် တော်လှန်ရေးတွင် တက်ကြွစွာပါဝင်နေသူများနှင့် ထောက်ခံသူများ၏ မုန်းတီးမှုနှင့် ခြိမ်းခြောက်ပြောဆိုမှုများကို ရင်ဆိုင်နေရကြောင်းကိုလည်း ဖြေဆိုချက်များမှတဆင့် သိရှိရပါသည်။

| CRPH ပြည်သူ့ရေးရာကော်မတီ၏ CDM ထောက်ပံ့မှုစာရင်း (၂၀၂၂ ခုနှစ်) (ဇန်နဝါရီလ မှ စက်တင်ဘာလ အထိ) | | | | | | | |
|---|---|---|---|---|---|---|---|
| | ကျန်းမာရေး | မီးရထား | စားဝတ်နေရေး | နေအိမ်ပြောင်းရွှေ့ | ဖမ်းဆီးခံ | ကွယ်လွန် | စုစုပေါင်း |
| ဇန်နဝါရီ | – | – | ၈၆ | – | – | – | ၈၆ |
| ဖေဖော်ဝါရီ | ၂၁ | ၁၁ | ၄၀ | ၃၇၇ | ၄ | ၂ | ၄၅၅ |
| မတ် | ၁၄ | ၄ | ၁၀၈ | ၄ | ၁ | ၂ | ၁၃၃ |
| ဧပြီ | ၈ | ၂ | ၉၀ | ၂ | – | – | ၁၀၂ |
| မေ | ၆ | ၁၂ | ၁၈၇ | – | – | – | ၂၀၅ |
| ဇွန် | ၂၉ | – | ၁၄၄ | – | – | – | ၁၇၃ |
| ဇူလိုင် | ၁၄ | – | ၃၅၉ | – | – | – | ၃၇၃ |
| ဩဂုတ် | ၁၈ | – | ၃၂၀ | – | – | – | ၃၃၈ |
| စက်တင်ဘာ | ၄၉ | – | ၅၁၂ | – | – | – | ၅၆၁ |
| | ၁၅၉ | ၂၉ | ၁၈၄၆ | ၃၈၃ | ၅ | ၄ | ၂၄၂၆ |

*CDM ဝန်ထမ်း ၂၄၀၀ ကျော် အတွက် ကျပ်ငွေသိန်း ၁၅၀၀ ကူညီပံ့ပိုးခဲ့ဟု CRPH ထုတ်ပြန် (ရင်းမြစ်: Democratic Voice of Burma)*

စစ်တမ်းရလဒ်များအရ လုပ်ငန်းခွင်မှမစွန့်ခွာသူနိုင်ငံ့ဝန်ထမ်းများ အနေဖြင့် ၎င်းတို့ တာဝန်ယူကြည့်ရှုစောင့်ရှောက်နေရသည့် မိသားစုဝင်များ ရှိနေခြင်းသည်လည်း လုပ်ငန်းခွင်မှစွန့်ခွာသည့် CDM လှုပ်ရှားမှုတွင်ပါဝင်နိုင်ရေးအတွက် အဓိကအတားအဆီး တခုအဖြစ်ဖော်ပြကြပါသည်။ သို့ရာတွင် မိမိတို့စိတ်ကြိုက်ရွေးချယ်နိုင်မည့် အခွင့်အရေး ရှိပါက လုပ်ငန်းခွင်စွန့်ခွာသည့် CDM လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်လိုကြောင်း အများစုမှ ဖြေဆိုခဲ့ကြသည်။ လုပ်ငန်းခွင်မှ စွန့်ခွာ၍ ဆန့်ကျင်အံတုလိုသည့် အကြောင်းအရင်းကို ဖော်ပြရာတွင် ကွဲပြားချက်များတွေ့ရှိရပြီး စစ်အာဏာရှင်တို့၏ အဓမ္မပြုကျင့်မှုများကို ရွံရှာမုန်းတီးခြင်းနှင့် ဒီမိုကရေစီစနစ်ကျင့်သုံးမှုအား လိုလားခြင်းကြောင့် ဖြစ်သည် ဆိုသည့် အချက်များကို ထင်ရှားစွာတွေ့ရှိရပါသည်။ စစ်ကောင်စီလက်အောက်တွင် ဆက်လက်တာဝန် ထမ်းဆောင်နေခြင်းကြောင့် အပြစ်ရှိသည်ဟု ခံစားရပြီး လုပ်ငန်းခွင်မှစွန့်ခွာသည့် CDM ပြုလုပ်ခြင်းသည်သာ လုပ်သင့်လုပ်ထိုက်သည်ဟု ယူဆသောကြောင့် အလုပ်မှနုတ်ထွက်လိုကြောင်းကိုလည်း ဖြေဆိုခဲ့ကြပါသည်။ CDM တွင် ပါဝင်ခြင်း၊ မပါဝင်ခြင်းသည် ကိုယ်ပိုင်ဆန္ဒနှင့်ဆုံးဖြတ်ချက်သာ ဖြစ်ကြောင်း ဖော်ပြထားသည်ကို လည်းတွေ့ရှိခဲ့ရပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏လုပ်ရပ်များကို ရွံရှာ၍ CDM လှုပ်ရှားမှုများတွင်မပါဝင်ခြင်းဖြစ်ကြောင်း ဖြေဆိုထားချက်တခုကိုလည်း ကွဲပြားစွာ တွေ့ရှိခဲ့ရပါသည်။

## (၂.၃) လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်မှစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်း (GS-CDMer) များအပေါ် အမြင်များ

နွေဦးတော်လှန်ရေးတွင် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုနှင့် ပတ်သက်၍ ကိုယ်ပိုင်အယူအဆများအပေါ် အခြေခံကာ ကွဲပြားသည့် အဓိပ္ပာယ်အမျိုးမျိုးဖြင့် ဖွင့်ဆိုခဲ့ကြပြီး နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်စွန့်ခွာခြင်းလှုပ်ရှားမှုကိုသာ အကြမ်းမဖက် အာဏာဖီဆန်အံတုမှုအဖြစ် ပိုမိုအသိအမှတ်ပြုပုံဖော်ခဲ့ကြသည်။ စစ်ကောင်စီလက်အောက် ရှိဌာနတိုင်းမှ ဝန်ထမ်းအားလုံး လုပ်ငန်းခွင်သို့သွားရောက်ခြင်းမပြုတော့ပါက စစ်ကောင်စီ အနေဖြင့် အုပ်ချုပ်ရေးယန္တရားကို မတည်ဆောက်နိုင်ဘဲ အချိန်တိုအတွင်း ပြိုကျပျက်စီး၍ အရှုံးပေးရမည်ဖြစ်သည်ဟု တွေးဆယုံကြည်ခဲ့ကြသည်။ ထိုအယူအဆမှာ ပိုမိုအားကောင်း လာခဲ့ပြီး အစိုးရဝန်ထမ်းများ၏ လုပ်ငန်းခွင်စွန့်ခွာခြင်း လှုပ်ရှားမှုအား အဓိကမဏ္ဍိုင်

တခုအဖြစ် ဝန်းရံပံ့ပိုးခဲ့ကြသည်။ ထိုအပြင် တော်လှန်ရေးအလွန်ကာလတွင်လည်း နိုင်ငံ့ဝန်ထမ်း GS–CDMers များအပေါ် ဂုဏ်ပြုချီးမြှောက်ခြင်း အစီအစဉ်များ အကောင်အထည်ဖော်ရန်နှင့် ၎င်းတို့အတွက် တရားမျှတမှုဖော်ဆောင်ပေးရန် လိုအပ်သည်ဟု ယုံကြည်ကြသည်။

လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများသည် စစ်ကောင်စီယန္တရားများ ဆက်လက်လည်ပတ်နိုင်စေရန်အတွက် ပင်မထောက်တိုင်များဖြစ်သည့်အပြင် စွန့်လွှတ်တိုက်ပွဲဝင်နေသူများ၏ အခွင့်အရေးများကို ရယူနေသူ အချောင်သမားများအဖြစ် ပုံဖော်ပြောဆိုခြင်းများလည်း ရှိပါသည်။ ထို့အပြင် ၎င်းတို့သည် တော်လှန်ရေးကို အနှောင့်အယှက်ဖြစ်စေသည့် အတွက်ကြောင့် တော်လှန်ရေးအလွန်ကာလတွင် စစ်ကောင်စီလက်အောက်ရှိ နိုင်ငံ့လုပ်ငန်းများတွင်ဆက်လက်လုပ်ကိုင်နေသူများကို အရေးယူရမည်ဟု ယုံကြည်ပြောဆိုနေကြသည်ကိုလည်း တွေ့ရပါသည်။

တဘက်တွင် လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများသည် မိမိအားမှီခိုနေရသော မိသားစုများကိုငဲ့ညှာ၍ လုပ်ငန်းခွင်မစွန့်ခွာခြင်းမှတပါး အခြားရွေးချယ်စရာမရှိသဖြင့် ဤရွေးချယ်မှုသည် တော်လှန် ရေးနှင့် အရပ်သားများကို သစ္စာဖောက်သကဲ့သို့ ခံစားရသည်ဟုလည်းဆိုကြသည်။ ထို့ကြောင့် တော်လှန်ရေးအလွန်ကာလတွင်ထိုသူများကိုအပြစ်ပေးခြင်းသည် ဖြောင့်မတ်မှန်ကန်သော လုပ်ရပ်ဖြစ်သည်ဟူသော အယူအဆကို လက်ခံထားပြီးဖြစ်ကြောင်းအင်တာဗျူးများနှင့် စစ်တမ်းများတွင် လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများက ဖြေဆိုခဲ့ကြသည်။ဤအယူအဆများသည်အသွင်ကူးပြောင်းရေးကာလပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များအပေါ် စိန်ခေါ်မှုများကို ဖြစ်ပေါ်စေနိုင်သောကြောင့် အန္တရာယ်ရှိနိုင်ပါသည်။ လုပ်ငန်းခွင်မှစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်း (GS–CDMers) များသည် ထူးခြားစွာစွန့်လွှတ်စွန့်စားသည့် နိုင်ငံ့သူရဲကောင်းများဖြစ်ပြီး လေးစားအသိအမှတ်ပြုရမည့်သူများဖြစ်ကြောင်း စစ်တမ်းဖြေဆိုခဲ့ကြသည့် လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်း အများစုက ဖော်ပြခဲ့ကြပါသည်။ သို့ရာတွင် နိုင်ငံ့ဝန်ထမ်း GS–CDMers များအား ဖြစ်ပေါ်လာသည့် နိုင်ငံရေးအခြေအနေကို အသုံးချသည့် အခွင့်အရေးသမားများဟု ယူဆကြောင်း ဖြေဆိုထားချက်တခုလည်း ပါဝင်ခဲ့ပါသည်။

> **တော်လှန်ရေးအလွန် ဖြစ်လာမည့် လူသားဆန်တဲ့ အစိုးရရဲ့ ပြစ်ဒဏ်ကို ကျေနပ်စွာခံယူနိုင်ပေမယ့် ယခုလက်ရှိ အာဏာသိမ်းထားတဲ့ စစ်တပ်ရဲ့ မိမိနဲ့ မိမိ မိသားစုရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်ပြီး လုပ်ငန်းခွင် ပြန်ဝင်ခိုင်းစေခဲ့မှုကို ပိုပြီး စိုးရိမ်ခဲ့ပါတယ်။**

တော်လှန်ရေးအလွန်ကာလတွင် နိုင်ငံ့ဝန်ထမ်း GS–CDMers များသည် ပိုမိုကောင်းမွန်သည့်ဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိမည်ဟု လုပ်ငန်းခွင်မှ မစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများက စစ်တမ်းတွင် ဖြေကြားမှုများခဲ့ပါသည်။ လက်ရှိတော်လှန်ရေးကာလအတွင်း နိုင်ငံ့ဝန်ထမ်း GS–CDMers များ အပေါ်တွင်ထားရှိသည့် ကြီးမားသည့်အားပေးထောက်ခံမှုများကြောင့် ၎င်းတို့၏ ဆန္ဒများ၊ တောင်းဆိုချက်များကို တာဝန်ရှိသူများအနေဖြင့် ဖြည့်ဆည်းပံ့ပိုးနိုင်ခြင်း မရှိပါက စိုးရိမ်ဖွယ်အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်သည်ဟု ယူဆဖြေဆိုထားသည်ကိုလည်း ကွဲပြားသည့်ရှုထောင့်အဖြစ် တွေ့ရှိရပါသည်။

## (၂.၄) လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများ အပေါ်ကြေညာချက်များ



*ဆားလင်းကြီးမှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ*
*(ရင်းမြစ် : Radio Free Asia)*

အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့်ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးဌာနများအပါအဝင်ဌာနအသီးသီးမှ လုပ်ငန်းခွင် မစွန့်ခွာသူများကို အမည်ပျက်စာရင်းသွင်း၍ ထုတ်ပြန်ကြေညာမှုများပြုလုပ်လျက်ရှိသည်။လုပ်ငန်းခွင် မစွန့်ခွာသည့် နိုင်ငံ့ဝန်ထမ်းများ ကိုယ်တိုင်က မိမိတို့သည် လူအများစုနှင့်အတူ မပါဝင်ခြင်းအတွက် အရေးယူခံသင့်ကြောင်း ယုံကြည်လက်ခံကြပြီး အမည်ပျက်စာရင်း ကြေညာချက်များသည် ဖြစ်သင့်ဖြစ်ထိုက်သည့် ဆောင်ရွက်မှုဖြစ်သည်ဟု ယူဆကြောင်း ဖြေဆိုခဲ့ကြသည်။ ထို့အတူ ထိုကဲ့သို့ အမည်ပျက်စာရင်းထုတ်ပြန်ကြေညာသည့်အပေါ် ခံစားချက်တစုံတရာ မရှိကြောင်း ဖြေဆိုသူများရှိသကဲ့သို့ ထိုထုတ်ပြန်ချက်များ၏ လက်တွေ့ထိရောက်စွာ ကိုင်တွယ်နိုင်မှု အပေါ်သံသယရှိကြောင်း ဖြေဆိုခဲ့ကြသည်ကိုလည်း တွေ့ရှိရပါသည်။

လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် ဒေသလုံခြုံရေးတပ်ဖွဲ့များ သို့မဟုတ် ဒေသအုပ်ချုပ်ရေးအဖွဲ့များက သတိပေးချက်များ သို့မဟုတ် အမည်ပျက်စာရင်းများ ကြေညာသည့်အခါ အဆိုပါ လုပ်ငန်းခွင်များမှ ထွက်ခွာရန် ဆန္ဒရှိကြောင်း သိရှိရပြီး အခြားတဘက်တွင်လည်း အပြစ်မဲ့ အရပ်သားများကိုသာ ထိခိုက်စေမည့် ထုတ်ပြန်ချက်များအဖြစ်သာမြင်ကြောင်း ဖြေဆိုထားသည်ကိုလည်း တွေ့ရှိရပါသည်။

## (၂.၅) လုပ်ငန်းခွင်မစွန့်ခွာခြင်းအပေါ် စိုးရိမ်ချက်များ

လုပ်ငန်းခွင်မှမစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အနာဂတ်ကာလတွင် ၎င်းတို့၏ လုံခြုံရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများအတွက် စိုးရိမ်ပူပန်မှုများလည်း ရှိပါသည်။ သို့သော်လည်း ၎င်းတို့ထံ ကျရောက်လာမည့် မည်သည့် အရေးယူမှု (သို့မဟုတ်) အပြစ်ပေးမှုများကို လက်ခံရန် ပြင်ဆင်ထားပြီး ထိုအရေးယူမှုများသည် "တရားမျှတသော" လုပ်ရပ်ဖြစ်သည်ဟုဆိုကြသည်။ ထို့အပြင် နောင်တချိန်တွင် ၎င်းတို့၏လက်ရှိ အလုပ်များ ဆုံးရှုံးမည်ကို စိုးရိမ်မှုများလည်း ရှိသည်။ အချို့မှာမူ အစိုးရဝန်ထမ်းဘဝကို စိတ်ပျက်နေပြီး အစိုးရဝန်ထမ်းအဖြစ်မှ နုတ်ထွက်တော့မည်ဟု ဖြေဆိုခဲ့ကြသည်။

လက်ရှိတော်လှန်ရေးသည် လွယ်လွယ်နှင့် ပြီးမည်မဟုတ်ဟု ယူဆဖြေဆိုခဲ့သည်ကိုလည်း ရှုထောင့်တခုအဖြစ်တွေ့ရှိရပါသည်။ အခြားတဘက်တွင်လည်း မိမိတို့သည် တော်လှန်ရေးသမားများကို တတ်နိုင်သည့်ဘက်မှထောက်ခံနေသည် ဖြစ်၍ အချိန်တန်သည့်အခါ လူထုကအမှန်တရားကို မြင်နိုင်မည်ဟု ယုံကြည်သောကြောင့် စိုးရိမ်ချက်များ လုံးဝမရှိကြောင်း ဖော်ပြခဲ့မှုများလည်း ပါဝင်သည်။


# ၃ | စစ်တမ်းမေးခွန်းလွှာမှ လုပ်ငန်းခွင်မှ စွန့်ခွာသူ နိုင်ငံ့ဝန်ထမ်း (GS–CDMers) များ၏ စစ်တမ်းအချက်အလက်များ

စုစုပေါင်း (၄၅၅) ဦးသည် လုပ်ငန်းခွင်စွန့်ခွာသော နိုင်ငံ့ဝန်ထမ်း (GS–CDMers) များအတွက် ရည်ရွယ်သည့် စစ်တမ်းမေးခွန်းလွှာများကို ဖြေဆိုခဲ့သည်။ ထိုအထဲမှ စစ်တမ်းနှင့် ကိုက်ညီသူ (၄၄၂) ဦး၏ အသက်အပိုင်းအခြားကို ပုံ (၂.၁) အတိုင်း တွေ့မြင်နိုင်ပါသည်။





*ပုံ (၂.၁) ဖြေဆိုသူများ၏ အသက်အပိုင်းအခြားနှင့် ကျား/မ အချိုး*

စစ်တမ်းကောက်ယူရာတွင်ဖြေဆိုသူအမျိုးသား(၅၆.၇)ရာခိုင်နှုန်းနှင့်အမျိုးသမီးများ (၄၃.၃) ရာခိုင်နှုန်းရှိသည်။ ပုံ (၂.၁) တွင် တွေ့နိုင်ပါသည်။





*ပုံ (၂.၂) ဖြေဆိုကြသူများ၏ အမြင့်ဆုံးပညာအရည်အချင်း*

စစ်တမ်းဖြေဆိုသူများ၏ အမြင့်ဆုံးရရှိထားသည့် ပညာအရည်အချင်းများကို ပုံ (၂.၂)အတိုင်း တွေ့ရပြီး ဖြေဆိုမှုအများဆုံးမှာ တက္ကသိုလ်ဘွဲ့ရများ ဖြစ်သည်။ သက်မွေးမှု ပညာသင်တန်းဆင်းများမှာ ဖြေဆိုမှု အနည်းဆုံးဖြစ်သည်။




*ပုံ (၂.၃) ဖြေဆိုသူများ၏ အလုပ်လုပ်ကိုင်နေသည့် နေရာဒေသများ (လူဦးရေ)*

ပါဝင်ဖြေဆိုသူများ၏ အလုပ်လုပ်ကိုင်နေသည့် နေရာများကို ပုံ (၂.၃) တွင် တွေ့မြင်နိုင်ပြီး ရန်ကုန်တိုင်းတွင် အလုပ်လုပ်ကိုင်သူများမှာ (၁၂၄) ယောက်ဖြင့် အများဆုံး ဖြေဆိုကြသည်။




*ပုံ (၂.၄) ဖြေဆိုကြသူများ၏ အလုပ်လုပ်ကိုင်နေသည့် နေရာဒေသများ  (ရာခိုင်နှုန်း)*

ဖြေဆိုသူများ၏ အလုပ်လုပ်ကိုင်ရာ လုပ်ငန်းဌာနများကို ပုံ (၂.၅) တွင် တွေ့ရှိရပြီး ဖြေဆိုသူအများစုမှာ ပညာရေးနယ်ပယ်မှ ဖြစ်ကြောင်းတွေ့နိုင်သည်။




*ပုံ (၂.၅) ဖြေဆိုသူများ၏ အလုပ်လုပ်ကိုင်ရာ လုပ်ငန်းဌာနများ*

## (၃.၁) တော်လှန်ရေးတွင် လုပ်ငန်းခွင်မှစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်း GS–CDMersများ၏ အခြေအနေများ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်က တိုင်းပြည်ကို အာဏာသိမ်းပြီးနောက် အစိုးရဌာနများမှ ဝန်ထမ်းများသည် အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး လုပ်ငန်းခွင်မှစွန့်ခွာခဲ့ကြသည်။ နိုင်ငံ့ဝန်ထမ်း GS–CDMers များသည် အစောပိုင်းကာလ အံတုမှုများဖြစ်သည့် ချီတက်ဆန္ဒပြပွဲများ စတင်ချိန်ကတည်းက ပါဝင်ခဲ့ကြပါသည်။ ၎င်းတို့ထဲမှ အချို့သည် လုံခြုံရေးနှင့် ငွေကြေးဆိုင်ရာ အခက်အခဲများကြောင့် မွေးရပ်မြေသို့ပြန်လာကာ လယ်ယာလုပ်ငန်းနှင့် ကုန်စုံဆိုင်ကဲ့သို့ ကိုယ်ပိုင်အသေးစား စီးပွားရေးလုပ်ငန်းများ၊ ကြုံရာကျပန်းအလုပ်များ လုပ်ကိုင်၍ မိမိတို့ဘဝရပ်တည်ရေးအတွက် ရုန်းကန် ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံ့ဝန်ထမ်း GS–CDMers အချို့သည် အာဏာသိမ်းပြီးစတွင် လုပ်ငန်းခွင်မှ ချက်ချင်း မထွက်ခွာနိုင်ပဲ အလုပ်များကိုဟန်မပျက် ဆက်လက် လုပ်ကိုင်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် CDM တွင် ပါဝင်သည့်အတွက် လုံခြုံရေးစိုးရိမ်ရသဖြင့် နေအိမ်များကို စွန့်ခွာခဲ့ရသူများလည်းရှိသည်။

စစ်အာဏာရှင်စနစ်ကို ရွံရှာမုန်းတီး၍ မတရားမှု လုပ်ရပ်များကို မခံရပ်နိုင်ခြင်း၊ စစ်မှန်သည့် ဒီမိုကရေစီကို တောင့်တလိုလားခြင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အား ရွေးကောက်ပွဲ မဲမသမာမှု ကျူးလွန်ခဲ့သည်ဟူသောလိမ်လည်စွပ်စွဲမှုများကို လက်မခံနိုင်ခြင်း စသည့်အချက်များသည် နိုင်ငံ့ဝန်ထမ်း GS–CDMersများအကြား အကြမ်းမဖက်အာဏာဖီဆန်ခြင်းတွင် ပါဝင်ရန်လှုံ့ဆော်သည့် အခြေခံအကြောင်းအချက်များအဖြစ် တူညီစွာတွေ့မြင်နိုင်ပါသည်။

အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်သူများသည်လည်း သတ္တိရှိစွာ အရာရာ စွန့်လွှတ်၍ ပါဝင်ခဲ့ကြသော်လည်း လုပ်ငန်းခွင်စွန့်ခွာခဲ့သောကြောင့် ငွေကြေးအရ ရုန်းကန်နေကြရပြီး အများစုမှာ ကြည့်ရှုစောင့်ရှောက်ရမည့် မိသားစုများရှိနေသည်ကိုတွေ့ရှိရပါသည်။ နိုင်ငံ့ဝန်ထမ်း GS–CDMers အများစုမှာ အထက်လူကြီးများနှင့် လုပ်ဖော်ကိုင်ဖက်များမှ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသကဲ့သို့ စစ်ကောင်စီနှင့် ၎င်း၏လက်ပါးစေများ၏ အန္တရာယ်သည်လည်း အချိန်မရွေးကျရောက်နိုင်ကြောင်း ဖြေဆိုခဲ့ကြသည်။ အချို့မှာ ၎င်းတို့၏ နေအိမ်များနှင့် မိသားစုများထံသို့ အသက်အန္တရာယ် ခြိမ်းခြောက်သည့်စာများ၊ စစ်ကောင်စီအဖွဲ့များမှ တိုက်ရိုက်ခြိမ်းခြောက်ခြင်းများကို ကြုံတွေ့ခဲ့ရကြောင်း ဖော်ပြခဲ့သည်။ စစ်တမ်းပါဝင် ဖြေဆိုသူထက်ဝက်ကျော်ခန့်က ၎င်းတို့ အနီးအနားပတ်ဝန်းကျင်မှပင် ခြိမ်းခြောက်မှုများရှိနေကြောင်း ဖြေဆိုခဲ့ကြသည်။

နိုင်ငံ့ဝန်ထမ်း GS–CDMers များအား လုပ်ငန်းခွင်သို့ပြန်လာစေရန် ခြိမ်းခြောက်သည့်နည်းလမ်းနှင့် ဆွဲဆောင်သည့်နည်းလမ်း (၂)ခုကို အသုံးပြု ချဉ်းကပ်လျက် ရှိသည်။ “နှစ်ပေါင်းများစွာ အလုပ်လုပ်ပြီးနောက် အလုပ်ခွင်မှစွန့်ခွာခြင်းမှာ နမြောစရာကောင်းသည်”၊ “စစ မှာကဲ့သို့ တော်လှန်ရေးသည် မည်သည့်ထူးခြားချက်မျှမရှိဘဲ ပြီးသွားမည်”၊ “လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ပါက ရာထူးနှင့်လစာများ ပြန်လည်ပေးအပ်မည်

ဖြစ်ပြီး တစုံတရာအရေးယူဆောင်ရွက်ခြင်းများလုပ်မည် မဟုတ်ကြောင်း” စသည့် သွေးဆောင်ဖြားယောင်းမှုများ ပြုလုပ်နေသကဲ့သို့ တဘက်တွင်လည်း GS–CDMers များသည် “မိမိနှင့် မိသားစုများကိုဖမ်းဆီးနှိပ်စက်ခံရမည်”၊ ”ဥပဒေအရ ထောင်ချခံရမည်”၊ “ကိုဗစ်ချေးငွေများပြန်ဆပ်ရမည်” စသည်ဖြင့် လုပ်ငန်းခွင်သို့ပြန်ဝင်ရန် ကြမ်းတမ်းစွာ ခြိမ်းခြောက်မှုများကြုံတွေ့ရသည်။ CDM ဆရာဝန်တစ်ဦးနှင့် အင်တာဗျူးမှ ဖြေကြားချက်အရ သူ၏ဌာနထံမှလုပ်ငန်းခွင်ပြန်ဝင်ရန် ခြိမ်းခြောက်စာများ လက်ခံရရှိခဲ့ပြီး ပြန်မလာပါက လျော်ကြေးပေးဆောင်ရမည်ဟုလည်း သိရသည်။



*ဖယ်ခုံမြို့နယ်အတွင်းမှ CDM ပညာရေးဝန်ထမ်းများ(ရင်းမြစ်:Shan News)*


စစ်တမ်းဖြေဆိုမှုများအရ ဖြေဆိုသူများ၏ထက်ဝက်ကျော်သည် ထောက်ပံ့မှုရရှိကြောင်း ဖော်ပြခဲ့ကြပြီး ကျန်ထက်ဝက်နီးပါးမှာမူ မည်သည့်ထောက်ပံ့မှုမှ မရရှိခဲ့ကြောင်း ဖြေဆိုခဲ့ကြသည်။

| ၅၂% | ထောက်ပံ့ကူညီမှုများရရှိဖူးသည်။ | ထောက်ပံ့ကူညီမှုများမရဖူးပါ။ | ၄၈% |
|---|---|---|---|

*ပုံ (၂.၆) ထောက်ပံ့မှုရရှိမှုရာခိုင်နှုန်း*

ထောက်ပံ့မှုရရှိခဲ့သူများမှာ NUG နှင့် CRPH တို့ထံမှ လက်ခံရရှိသူ အနည်းငယ် ပါဝင်ပြီး အများစုမှာ ပြင်ပအလှူရှင်များနှင့် ပြင်ပအဖွဲ့အစည်းများမှ ရရှိခဲ့သည်။ ၎င်းတို့၏ ပုဂ္ဂိုလ်ရေးအရ နီးစပ်သော အသိုင်းအဝိုင်းများမှလည်း ရရှိခဲ့သည်ကိုတွေ့ရပါသည်။


ထောက်ပံ့ကူညီမှုများလက်ခံရရှိသည့်အကြိမ်အရေအတွက်ကို ပုံ (၂.၇) အတိုင်း တွေ့မြင်ရပြီး ထောက်ပံ့မှု ၂ ကြိမ် ရရှိသူအများဆုံးဖြစ်သည်။




*ပုံ (၂.၇) ထောက်ပံ့ကူညီမှုများလက်ခံရရှိသည့်အကြိမ်အရေအတွက်*

GS-CDMers များမှာ လုပ်ငန်းခွင်စွန့်ခွာချိန်မှစ၍ ဝင်ငွေရရှိမှု ရပ်တန့်သွားသဖြင့် အချို့မှာ အခြားလုပ်ငန်းများမှ ဝင်ငွေရရှိရန်လုပ်ဆောင်ရသည်။ CDM ဆရာဝန်များသည် အများအားဖြင့် ပုဂ္ဂလိကဆေးခန်းများတွင် အလုပ်လုပ်ကြပြီး အချို့မှာ ၎င်းတို့၏ကိုယ်ပိုင်ဆေးခန်းများဖွင့်ကြသည်။ CDM ဆရာများသည်လည်း သီးသန့်ကျူရှင်များ (သို့မဟုတ်) NUG မှ ကြီးမှူးကျင်းပသည့် အွန်လိုင်းအတန်းများတွင် သင်ကြားပေးလျက်ရှိသည်။ အွန်လိုင်းဈေးဆိုင်များနှင့် ကုန်စုံဆိုင်များကဲ့သို့သော ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းငယ်များ ဖွင့်လှစ်ကြသူများလည်းရှိသည်။ အချို့မှာ အလွတ်တန်းအလုပ်လုပ်ကိုင်ခြင်း (သို့မဟုတ်) ကြုံရာကျပန်း လုပ်ကိုင်နေသည်ဟု ဖြေဆိုချက်များလည်းရှိသည်။ ထို့အပြင် နေအိမ်များမှ စွန့်ခွာထွက်ပြေးရခြင်း၊ လျှို့ဝှက်စွာနေထိုင်ရခြင်း (သို့မဟုတ်) အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ်ဖြတ်ကျော်ကာ တရားမဝင်နေထိုင်ရခြင်းများကြောင့် မည်သည့်လုပ်ငန်းမှ လုပ်ကိုင်နိုင်ခြင်းမရှိသူများလည်း ရှိသည်ကို တွေ့ရပါသည်။

စစ်တမ်းဖြေဆိုသူများသည် တော်လှန်ရေးကာလကြာရှည်လာမှုနှင့် ပတ်သက်၍ မတူညီသောအမြင်များ ရှိကြသည်။ GS-CDMers များ၏ မတူညီသောရှုထောင့်များကို ပုံ (၂.၈)အတိုင်း တွေ့မြင်နိုင်ပါသည်။




*ပုံ (၂.၈) တော်လှန်ရေးကာလကြာရှည်လာမှုနှင့် ပတ်သက်၍*
*GS-CDMers များ၏မတူညီသောအမြင်များ*


စစ်တမ်းဖြေကြားချက်များအရ GS-CDMers အများစုသည် လှုပ်ရှားမှုတွင် ပါဝင်ခြင်းအတွက် နောင်တမရှိကြဘဲ တစ်ချိန်တွင် ပြည်သူများသည် တော်လှန်ရေးကို အောင်နိုင်မည်ဟု ပြင်းပြင်းထန်ထန် ယုံကြည်ချက်များရှိကြသည်ကို သိရသည်။ အချို့သူများမှာ တော်လှန်ရေးသည် ပြည်သူတရပ်လုံး တညီတညွတ်တည်း မပါဝင်သည့်အတွက် ကြာရှည်နေရခြင်းဖြစ်သည်ဟု တွေးမြင်ကြသည်ကိုလည်း တွေ့ရသည်။

အင်တာဗျူးမေးမြန်းချက်များမှလည်း သိရသည်မှာ GS-CDMersများသည် လုပ်ငန်းခွင်မှစွန့်ခွာသည့် အကြမ်းမဖက်အာဏာဖီဆန်ခြင်းနည်းလမ်းဖြင့် စစ်အာဏာရှင်ကိုတော်လှန်သည့်လမ်းကို ရွေးချယ်ပြီးသည်ဖြစ်၍ တော်လှန်ရေးမပြီးမချင်း လုပ်ငန်းခွင်ကို ပြန်ဝင်ရန် လုံးဝမစဉ်းစားဟုလည်း သိရသည်။ အချို့သည် လွတ်မြောက်နယ်မြေတွင် ရောက်ရှိနေပြီဖြစ်သောကြောင့် မိသားစုများထံသို့ မပြန်နိုင်ကြဟုလည်း ဖြေဆိုကြသည်။

တော်လှန်ရေးကာလရှည်ကြာနေသဖြင့် GS-CDMers များကြုံတွေ့နေရသည့် အဓိကပြဿနာ(၂) ရပ်မှာ စားဝတ်နေရေးဆိုင်ရာ အခက်အခဲများနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ကြောင်းကိုလည်း စစ်တမ်းဖြေဆိုချက်များမှ တဆင့်သိရသည်။

ဤစစ်တမ်းတွင်ပါဝင်သည့် GS–CDMers များ၏ လုပ်ငန်းခွင်မှစွန့်ခွာခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းများ အပေါ် သဘောထားအမြင်များကို ပုံ (၂.၉) အတိုင်း တွေ့နိုင်သည်။


## GS-CDMERS များ၏ လုပ်ငန်းခွင်မှစွန့်ခွာခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းများအပေါ် သဘောထားအမြင်များ




*ပုံ (၂.၉) GS–CDMers များ၏ လုပ်ငန်းခွင်မှစွန့်ခွာခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းများအပေါ် သဘောထားအမြင်များ*


GS–CDMers များအနေဖြင့် အခက်အခဲများကြုံတွေ့ခံစားခဲ့ရပြီး ၎င်းတို့၏မိသားစုများနှင့် ပိုင်ဆိုင်မှုများကို စွန့်ခွာခဲ့ရသည့်အတွက် လုပ်ငန်းခွင်မစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများအပေါ်တွင် စိတ်မကျေနပ်မှုများ ရှိနေကြသည်ကိုတွေ့ရသည်။ စစ်တမ်းများအရ အများစုသည် ထိုသူများကို အရေးယူမှုများလုပ်ဆောင်လိုကြသည်။ ပုံ (၂.၉.၁) တွင် GS–CDMers များ၏ လုပ်ငန်းခွင်မစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများ၏ အလုပ်အကိုင် အခွင့်အလမ်းများအပေါ် အမြင်များကို တွေ့နိုင်ပါသည်။

## GS-CDMERS များ၏ လုပ်ငန်းခွင်မှုစွန့်ခွာခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းများ၏ အလုပ်အကိုင်အခွင့်အလမ်းများအပေါ် သဘောထားအမြင်များ




*ပုံ (၂.၉.၁) GS-CDMers များ၏ လုပ်ငန်းခွင်မစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများ၏ အလုပ်အကိုင်အခွင့်အလမ်းများအပေါ် အမြင်များ*

နောက်ဆုံးတွင် GS-CDMers များသည် တော်လှန်ရေးအင်အားစုများ အနိုင်ရသောအခါတွင် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်၍ ထင်မြင်ချက်များနှင့် ရှုထောင့်များလည်း ရှိသည်။ အများစုမှာ မူလအလုပ်များကို ပြန်သွားလိုကြပြီး မူရင်းလစာနှင့် ရာထူးများ ပြန်လည်ရယူလိုကြသည်။ မတူညီသော အမြင်များကို ပုံ (၂.၉.၂) အတိုင်း တွေ့မြင်နိုင်သည်။




*ပုံ (၂.၉.၂) GS-CDMerများ၏ တော်လှန်ရေးအလွန် အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်၍ ထင်မြင်ချက်များ*

၄

# အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှု၏

## လက်ရှိအခြေအနေ

တော်လှန်ရေး (၁) နှစ် ခန့်တွင် နိုင်ငံတဝှမ်းရှိ အစိုးရဌာနများမှ ဝန်ထမ်းအများအပြားသည် လုပ်ငန်းခွင်စွန့်ခွာ၍ CDM လှုပ်ရှားမှုတွင် ပါဝင်လာခဲ့ကြသည်။ NUG မှ စစ်ကိုင်းနှင့် မကွေးမှ မြို့နယ် (၃၆) မြို့နယ်ကို ထိန်းချုပ်နိုင်ကြောင်း တရားဝင်ကြေညာပြီးသည့် ၂၀၂၂ ခုနှစ် ဧပြီလဝန်းကျင်မှစတင်၍ အဆိုပါဒေသများရှိ ပြည်သူ့လုံခြုံရေးတပ်ဖွဲ့များနှင့် ဒေသဆိုင်ရာ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ၏ ဩဇာလွှမ်းမိုးမှုကြောင့် မကွေး၊ စစ်ကိုင်းနှင့် ချင်းတို့တွင် CDM ပါဝင်မှု အမြင့်ဆုံး ဖြစ်ခဲ့သည်။

၂၀၂၂ ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် မြောက်ဦးမြို့နယ်ရှိ မူလတန်းကျောင်း (၁၉၆) ကျောင်းနီးပါးကို ပိတ်ခဲ့ပြီး အခြားသော ဒေသများတွင်လည်း မြို့နယ်ဆေးရုံ အပါအဝင် ဆေးရုံ(၅) ခုကို CDMလှုပ်ရှားမှုများကြောင့် ပိတ်နိုင်ခဲ့သည်။ ***(ရေစကြိုမြို့နယ်မှာ စစ်ကောင်စီရဲ့ ကျန်းမာရေးနဲ့ ပညာရေးယန္တရား ရပ်တန့်လုဖြစ်နေ, 2022)***



*မကွေးတိုင်း၊ ရေစကြိုမြို့နယ် ရေလယ်ကျွန်းမှာ ၂၀၂၂ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည့် နွေဦးကံ့ကော် ပရဟိတဆေးခန်းကို တွေ့ရစဉ် (ရင်းမြစ်: Radio Free Asia)*

ချင်းတွင် စစ်ပညာနှင့် စစ်ဘက်ဆိုင်ရာ အုပ်ချုပ်ရေးတွင် ပါဝင်ပတ်သက်နေသော CDM မဟုတ်သည့် ဝန်ထမ်းများအား အရေးယူမည်ဖြစ်ကြောင်း ချင်းပူးတွဲကာကွယ်ရေးကော်မတီ (CJDC) က ကြေညာခဲ့သည်။ ***(CJDC အဖွဲ့ဝင်များ, 2022)***



***ချင်းပြည်နယ်အတွင်း စစ်ကျွန်ပညာရေးနဲ့ စစ်အုပ်ချုပ်ရေးယန္တရားမှာပါဝင်ဆောင်ရွက်နေတဲ့ Non –CDM ဝန်ထမ်းတွေကိုအရေးယူမည်လို့ CJDC ထုတ်ပြန် (ရင်းမြစ်: Ayeyarwaddy News)***

ထို့အပြင် အမျိုးသားညီညွတ်ရေးအစိုးရသည် တော်လှန်ရေးတွင် ပါဝင်ကူညီခဲ့ကြသော ကျန်းမာရေးကဏ္ဍမှ GS–CDMers များအား အလုပ်အကိုင်အခွင့်အလမ်းများ ပေးအပ်ရန် ကြိုးပမ်းမှုများရှိသည်။ NUG လက်အောက်ရှိကျန်းမာရေးဝန်ကြီးဌာနတွင် အလုပ်လုပ်ရန် ကျန်းမာရေးဌာနမှ GS–CDMers များအတွက်ရည်ရွယ်၍ အလုပ်များကို ကြေညာထားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့
ကျန်းမာရေးဝန်ကြီးဌာန
ထုတ်ပြန်ကြေညာချက်အမှတ် (၉/၂၀၂၂)
၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားကျန်းမာရေးဌာနများ၏ ဆေးရုံ/ဆေးခန်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန် အောက်ဖော်ပြပါ တာဝန်များ (စုစုပေါင်း ၁၂ ခု) အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

| စဉ် | တာဝန် | လစ်လပ်နေရာ | ပညာအရည်ချင်း |
|---|---|---|---|
| ၁။ | အရိုးအထူးကုဆရာဝန် | (၁၀) နေရာ | M.B.,B.S, M.Med. Sc (Ortho) |
| ၂။ | အရိုးအထူးကု ဘွဲ့လွန်သင်တန်းသား | (၁၀) နေရာ | M.B.,B.S, PG2/PG3 (Ortho) |
| ၃။ | ခွဲစိတ်အထူးကုဆရာဝန် | (၁၀) နေရာ | M.B.,B.S, M.Med. Sc (Surgery) |
| ၄။ | ခွဲစိတ်အထူးကု ဘွဲ့လွန်သင်တန်းသား | (၁၀) နေရာ | M.B.,B.S, PG2/PG3 (Surgery) |
| ၅။ | မေ့ဆေးအထူးကုဆရာဝန် | (၁၀) နေရာ | M.B.,B.S, M.Med. Sc (Anaesthesia) |
| ၆။ | မေ့ဆေးအထူးကု ဘွဲ့လွန်သင်တန်းသား | (၁၀) နေရာ | M.B.,B.S, PG2/PG3 (Anaesthesia) |
| ၇။ | အရေးပေါ်အထူးကုဆရာဝန် | (၁၀) နေရာ | M.B.,B.S, M.Med. Sc (Emergency Medicine) |
| ၈။ | အရေးပေါ်အထူးကု ဘွဲ့လွန်သင်တန်းသား | (၁၀) နေရာ | M.B.,B.S, PG2/PG3 (Emergency Medicine) |

[ ၁ ]

***NUG ၏ ကျန်းမာရေးဝန်ထမ်းများအတွက်ထုတ်ပြန်ကြေညာချက် (ရင်းမြစ်: People's Spring)***




*CDM လှုပ်ရှားမှုတွင် ထွေအုပ်ဝန်ထမ်းများ ပါဝင်ကာ ဆန္ဒပြနေသည်ကို ဖျာပုံမြို့တွင် ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ် (ရင်းမြစ်: People’s Spring)*

ထို့အပြင် NUG ထိန်းချုပ်နယ်မြေများဖြစ်သည့် စစ်ကိုင်းရှိ မြို့နယ် (၂၉) မြို့နယ်နှင့် မကွေးရှိ (၇) မြို့နယ်တွင် ဒေသန္တရ အုပ်ချုပ်ရေးအောင်မြင်ကြောင်း ကြေညာပြီးနောက်တွင် CDM အထွေထွေအုပ်ချုပ်ရေးကော်မတီကို အထွေထွေအုပ်ချုပ်ရေးကောင်စီအဖြစ်သို့ပြောင်းလဲဖွဲ့စည်းလိုက်ကြောင်း ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန (NUG) မှ ကြေညာခဲ့သည်။ ***(Lilian, ထွေအုပ် CDMဝန်ထမ်းများ အုပ်ချုပ်မှုကော်မတီကို ပြည်သူ့အုပ်ချုပ်ရေးဦးစီးဌာနအဖြစ် NUG ပြောင်းလဲဖွဲ့စည်း, 2022)***

# ၅ လုပ်ငန်းခွင်မှ စွန့်ခွာသူ

## နိုင်ငံ့ဝန်ထမ်း (GS-CDMers) များအပေါ်

# ခြိမ်းခြောက်မှုများ

စစ်အာဏာသိမ်းမှု စတင်ချိန်မှစ၍ ညာဏ်လင်းသစ်သုတေသနအဖွဲ့သည် သတင်းမီဒီယာများမှ အချက်အလက်များကို စောင့်ကြည့်စုဆောင်းခဲ့ပြီး စစ်ကောင်စီမှ ဖမ်းဆီး၊ သတ်ဖြတ်၊ ထိန်းသိမ်းခံရသူ အရေအတွက်ကို စုဆောင်းခဲ့သည်။ ထို့အပြင်၊ တော်လှန်ရေးအင်အားစုများမှ လုပ်ငန်းခွင်မစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများကို ဖမ်းဆီး၊ သတ်ဖြတ်ခဲ့သည့် အရေအတွက်အချို့လည်း ရှိသည်။

၂၀၂၁ နှင့် ၂၀၂၂ တလျှောက်လုံးတွင် အာဏာဖီဆန်ရေးလှုပ်ရှားမှုကို လုပ်ဆောင်သည့်အတွက် စစ်ကောင်စီမှ ဖမ်းဆီးခြင်းခံရသူဦးရေမှာ (၂၃၅)ဦး [၁] ဝန်းကျင်ဖြစ်သည်။ အဆိုပါလူများသည် ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ အစိုးရအုပ်ချုပ်ရေးဌာနများ၊ လက်နက်ကိုင်အဖွဲ့များ (စစ်သားနှင့်ရဲ) တို့အပါအဝင် ဌာနအမျိုးမျိုးမှ ဖြစ်ကြသည်။ ဖမ်းဆီးခံရစဉ်တွင် ရက်စက်စွာရိုက်နှက်ဖမ်းဆီးခံခဲ့ရသဖြင့် ဒဏ်ရာရရှိသူများရှိသည်။ လုပ်ငန်းခွင်စွန့်ခွာသူ နိုင်ငံ့ဝန်ထမ်း GS-CDMers အချို့မှာ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြသော်လည်း ထိုသူတို့အစား မိသားစုဝင်များက ဖမ်းဆီးခြင်းခံရသည်။



ဖမ်းဆီးခြင်းခံရသူဦးရေ ၂၃၅ ဦး



သေဆုံးသူဦးရေ ၇၁ ဦး

၁။ သတင်းမီဒီယာများတွင်ဖော်ပြချက်များအား စုစည်းထားသောအရေအတွက်

CDM တွင်ပါဝင်သူများကို စစ်ကောင်စီက သတ်ဖြတ်မှုများလည်းရှိသည်။ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အထိ သေဆုံးသူဦးရေမှာ (၇၁)ဦး ဝန်းကျင်ရှိကြောင်းသတင်းမီဒီယာများမှ တဆင့်သိရှိရသည်။ အကြမ်းဖက်စစ်ကောင်စီ၏ သတ်ဖြတ်မှုတွင် နေအိမ်တွင် ပစ်ခတ်သတ်ဖြတ်ခံခဲ့ရခြင်း၊ စစ်ကြောရေးစခန်းတွင် ထိန်းသိမ်းထားစဉ် သေဆုံးခဲ့ခြင်း၊ ဖမ်းချုပ်ခံထားရစဉ် သေဆုံးခြင်းများ ရှိခဲ့ကြသည်။ အချို့သောဒေသများတွင် GS-CDMers များဖြစ်ကြောင်း မသိရှိစဉ်ကပင် အတင်းအကြပ်ဖမ်းဆီးခံခဲ့ရပြီး နောက်ပိုင်းတွင် GS-CDMers များဖြစ်ကြောင်း သိရသည့်အခါ စစ်ကောင်စီမှ သတ်ဖြတ်လိုက်သည့် ဖြစ်စဉ်များလည်းရှိသည်။ ထို့ကြောင့် တခါတရံတွင် စစ်တပ်၏ ရက်စက်ကြမ်းကြုတ်သော သတ်ဖြတ်မှုများမှာ CDM အပေါ်ပို၍ ဦးတည် တိုက်ခိုက်နေခြင်း ဖြစ်ကြောင်း သုံးသပ်နိုင်သည်။ နာမည်ဆိုးဖြင့်ကျော်ကြားသော ပျူစောထီးနှင့် ပြည်သူ့စစ်တို့သည်လည်း အရပ်သားများနှင့် GS-CDMers များကို ဖမ်းဆီး၊ ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းများလည်း ပြုလုပ်ခဲ့သည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလ (၁၇) ရက်နေ့တွင် မကွေး၊ ပေါက်မြို့နယ် တောင်ပိုင်း၊ ကြာကန်ကျေးရွာတွင် စစ်ကောင်စီမှ အရပ်သား (၃) ဦးနှင့်အတူ CDM ဆရာ (၁) ဦးအား ရက်စက်စွာ သတ်ဖြတ်ခဲ့သည်။ ဆရာသည် အမျိုးသားညီညွတ်ရေး အစိုးရ (NUG) နှင့် ဆက်စပ်၍ ပေါက်မြို့နယ်တွင် ဖွင့်လှစ်ထားသော ကျောင်း (၁) ကျောင်းတွင် သင်ကြားပို့ချနေသူဖြစ်ကြောင်းနှင့် NUG ၏ ပညာရေး မြို့နယ် ဦးဆောင်ကော်မတီဝင် တဦးလည်း ဖြစ်ကြောင်းသတင်းရင်းမြစ်များအရ သိရသည်။ ထို CDM ဆရာသည် ခေါင်းဖြတ် အသတ်ခံခဲ့ရသည်။ ***(CDM ကျောင်းဆရာကို ခေါင်းဖြတ်သတ်သည့် စစ်ကြောင်းတိုက်ခိုက်ခံရ, 2022)***

စစ်ကောင်စီသည် ကြောက်ရွံ့ထိတ်လန့်စေခြင်း၊ မဟုတ်မမှန်သတင်းများ ဖြန့်ဝေခြင်းနှင့် နိုင်ငံတော်အကြည်ညိုပျက်စေသည့် ရာဇဝတ်မှုများအတွက် ပုဒ်မ၅၀၅(က) ဖြင့်လည်း GS-CDMers များကိုတရားစွဲဆိုသည်။ ၎င်းတို့သည် တရားစွဲဆိုခြင်းခံရပြီးနောက် နေအိမ်မှထွက်ပြေးရခြင်း၊ ပြည်တွင်းပြည်ပခရီးမထွက်နိုင်ခြင်း၊ လူများအကြား လွတ်လပ်စွာသွားလာ၍မရနိုင်ခြင်း၊ စားဝတ်နေရေးခက်ခဲခြင်း စသည့် အခက်အခဲများ စွာနှင့် ရင်ဆိုင်ခဲ့ရပါသည်။

---

*၂။ **ပျူစောထီး** – ပျူစောထီးကို ၂၀၂၁ ခုနှစ် မတ်လ ၅ ရက်နေ့တွင် မန္တလေးနှင့် ရန်ကုန်တို့တွင် ပထမဆုံး စတင်ဖွဲ့စည်းခဲ့ပြီး နောက်ပိုင်းတွင် အခြားဒေသများတွင်လည်း ဖွဲ့စည်းခဲ့သည်။ ၎င်းတွင် စစ်မှုထမ်းဟောင်းများ၊ တပ်မတော်ထောက်ခံသူများ၊ အဖွဲ့ဝင်များနှင့် USDP ထောက်ခံသူများ၊ အမျိုးသားရေးဝါဒီများနှင့် အစွန်းရောက်ဝါဒီများ ပါဝင်သည်။*

*၃။ **ပြည်သူ့စစ်**– ပြည်သူ့စစ်ကို စစ်ကောင်စီမှ ပံ့ပိုးဖွဲ့စည်းပြီး လက်နက်များပေးအပ်ကာ ၎င်းတို့ အဆိုအရ ပြည်တွင်း မငြိမ်မသက်မှုများကို တုံ့ပြန်ရန် ဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်သည်။*

# ၆ လုပ်ငန်းခွင်မှ မစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း

GS-CDMers များကို စစ်ကောင်စီမှသတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်းနှင့် တရားစွဲခြင်းများ ပြုလုပ်သည့်နည်းတူ လုပ်ငန်းခွင်မှမစွန့်ခွာသည့်နိုင်ငံ့ဝန်ထမ်းများကိုလည်း CDM လှုပ်ရှားမှုတွင် မပါဝင်သည့်အတွက် ဒေသလုံခြုံရေး၊လက်နက်ကိုင် တပ်ဖွဲ့များ အပါအဝင် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် လူမျိုးစုတော်လှန်ရေး အဖွဲ့အစည်းများမှ ခြိမ်းခြောက်၊ ဖမ်းဆီးသတ်ဖြတ်ခြင်းများလည်း ရှိသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့်လူမျိုးစုတော်လှန်ရေး အဖွဲ့များကြောင့် လုပ်ငန်းခွင်မှမစွန့်ခွာသည့်နိုင်ငံ့ဝန်ထမ်း (၁၃) ယောက်ဝန်းကျင်သေဆုံးသွားခဲ့ကြောင်းကို ဉာဏ်လင်းသစ် သုတေသနအဖွဲ့မှ စောင့်ကြည့်သော သတင်းဌာနများ၏ အချက်အလက်များအရ သိရသည်။ လုပ်ငန်းခွင်စွန့်ခွာရန် ဖမ်းဆီးသတိပေး၍ ပြန်လွှတ်ပေးခဲ့သည်များလည်းရှိသည်။ ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် လူမျိုးစုတော်လှန်ရေးအဖွဲ့ များသည် အုပ်ချုပ်ရေးရုံးများ၊ ရဲစခန်းများနှင့် အလုပ်လုပ်ကိုင်နေသူများ နေထိုင်သည့် နေအိမ်များ၊ ဝန်ထမ်းအိမ်ရာများ ကိုလည်း ဗုံးခွဲတိုက်ခိုက်ခဲ့သည်။ ၎င်းဗုံးခွဲမှုများကြောင့် လုပ်ငန်းခွင်မှမစွန့်ခွာသည့် နိုင်ငံ့ဝန်ထမ်း (၁၂) ဦးဝန်းကျင်




*ကန်ပက်လက်ပြည်သူ့ဆေးရုံ (ရင်းမြစ်: The Irrawaddy-Burmese Edition)*

ဒဏ်ရာရခဲ့သည်ဟု အချက်အလက်များအရ သိရသည်။ ထို့အပြင် အဖွဲ့အစည်းများ၏ ဦးဆောင်မှုအောက်တွင် ပြည်သူလူထုသည် ဆက်လက်အလုပ်လုပ်ကိုင်နေသူများကို နေအိမ်များမှ နယ်နှင်ဒဏ်ပေးမှုများလည်း ရှိခဲ့သည်။ *(The Irrawaddy –Burmese Edition, 2022)*

NUG သည် လုပ်ငန်းခွင်မှမစွန့်ခွာသည့်နိုင်ငံ့ဝန်ထမ်းများကို တတ်နိုင်သမျှ အမြန်ဆုံး အလုပ်မှထွက်ရန် သတိပေးချက်များစွာ ထုတ်ပြန်ထားခဲ့သည်။၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် NUG သည် စစ်ကောင်စီလက်အောက်ရှိ လုပ်ငန်းခွင်မှ မစွန့်ခွာသည့်နိုင်ငံ့ဝန်ထမ်းများအား သင့်လျော်သော ပြစ်ဒဏ်များ ချမှတ်နိုင်စေရန် အတွက် CDM ဆရာများနှင့် ဝန်ထမ်းများအပေါ် လူ့အခွင့်အရေးချိုးဖောက်သော အထောက်အထားများဖြစ်သည့် အသံဖိုင်များကိုစုဆောင်းသိမ်းဆည်းထားမည်ဖြစ်ပြီး ထိုသူများအား NUG မှ သေချာစွာ အရေးယူမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ***(စစ်ကောင်စီလက်ကိုင်တုတ် Non CDM ဝန်ထမ်းများအား အပြစ်ပေးအရေးယူမည်ဟု NUG ထုတ်ပြန်, 2022)***

ဇင်းကျိုက်ရဲစခန်းအား ဗုံးခွဲတိုက်ခိုက်မှုသည် ၎င်းတို့၏အလုပ်ဖြစ်ကြောင်းနှင့် စစ်သားများအား CDMတွင် ပူးပေါင်းပါဝင်ရန် နောက်ဆုံးသတိပေးချက်များ ထုတ်ပြန်ထားကြောင်း ပေါင်မြို့နယ် နယ်မြေလုံခြုံရေးတပ်ဖွဲ့မှ ၂၀၂၁ ခုနှစ် အောက်တိုဘာလ (၂၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ***(ဇင်းကျိုက်ရဲစခန်း ဗုံးခွဲတိုက်ခိုက်ခံရ၊ ရဲများ CDM ဝင်ကြရန် နောက်ဆုံး သတိပေးဟု PDF ပြော, 2021)***




***ဇင်းကျိုက်နယ်မြေရဲစခန်း (ရင်းမြစ်: Democratic Voice of Burma)***

၂၀၂၂ ခုနှစ် ဇွန်လ (၁၄) ရက်နေ့တွင် ထားဝယ်တက္ကသိုလ်မှ ပါမောက္ခတစ်ဦး နှင့် နယ်မြေခံ အုပ်ချုပ်ရေးမှူးရုံးမှ စာရေးတစ်ဦးတို့ Dawei Guerrilla Revolutionary Force (DGRF) မှ သတ်ဖြတ်ခဲ့ပြီး ထိုဖြစ်စဉ်မတိုင်ခင်လည်း အလုပ်မှနုတ်ထွက်ရန် ကျည်ဆန်များဖြင့် တရားဝင်သတိပေးချက်များ ပေးပို့ခဲ့သည်။ ***(လောင်းလုံးတွင် Non CDM တက္ကသိုလ် ကထိကနှင့် ရပ်/ကျေး စာရေးမ ပစ်သတ်ခံရ, 2022)***

မန္တလေးမြို့တွင် ၂၀၂၂ စက်တင်ဘာလ (၁၁)ရက်နေ့က Non CDM ကျောင်းဆရာမ တဦး၏ နေအိမ် လက်လုပ်ဗုံးဖြင့် ထပ်မံပစ်ခံခဲ့ရသည်။ ***(မန္တလေးမြို့တွင် Non CDM ကျောင်းဆရာမ နေအိမ် လက်လုပ်ဗုံးဖြင့် ထပ်မံပစ်ခံရ, 2021)***



*Non CDM ကျောင်းဆရာမ နေအိမ် ဇူလိုင် ၂၆ ရက်နေ့က လက်လုပ်ဗုံးနှင့် ပစ်ခံရပြီး မြင်ကွင်း (ရင်းမြစ်: Democratic Voice of Burma)*

(ဤအရေအတွက်များသည် ဉာဏ်လင်းသစ်သုတေသနမှ စောင့်ကြည့်သည့် သီးခြား သတင်းမီဒီယာများမှ စုဆောင်းထားသည့် ကိန်းဂဏန်းများသာဖြစ်သည်။ သို့သော် စစ်ကောင်စီနှင့် တော်လှန်ရေးအင်အားစု နှစ်ဖက်လုံးကြောင့် မြေပြင်တွင် သေဆုံး၊ ဒဏ်ရာရ၊ ဖမ်းဆီးခံရသည့် အရေအတွက်သည် ထိုအရေအတွက်ထက် များစွာ ပိုများနိုင်သည်။)

# နိဂုံး

စစ်တပ်၏မတရားအာဏာသိမ်းပြီးနောက် (၂)နှစ်နီးပါးကြာမြင့်လာချိန်တွင်တော်လှန်ရေးတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်များအကြား ပေါ်ပေါက်ခဲ့သည့် တိုက်ပွဲများ၊ စစ်ရေးလှုပ်ရှားမှုများကြောင့် အရပ်သားထိခိုက်မှု များစွာပေါ်ပေါက်ခဲ့ပါသည်။ ထို့အပြင်စစ်ကောင်စီလက်အောက်ရှိ ပျူစောထီးနှင့် ပြည်သူ့စစ်တို့၏ ရက်စက်ကြမ်းကြုတ်သောသတ်ဖြတ်မှုများသည် အရပ်သားများ၏ အသက်အိုးအိမ်စည်းစိမ်ကို မလုံခြုံမှုများ ပိုမိုဆိုးရွားစွာဖြစ်ပေါ်စေခဲ့သည်။ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် ရပ်တည်မှုနှင့်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ခြင်းတို့ကြောင့် အပြစ်မဲ့ပြည်သူများအားစစ်ကောင်စီ၏ လက်နက်ကိုင်တပ်ဖွဲ့များမှ အများအပြားသတ်ဖြတ်ခဲ့သည်။ လက်ရှိကာလတွင် ဖြစ်ပွားလျက်ရှိသော ဥပဒေမဲ့သတ်ဖြတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအား စနစ်တကျမှတ်တမ်းတင်ထားရှိပြီး အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဖော်ဆောင်ရာတွင် ထိရောက်စွာ အရေးယူဆောင်ရွက်ရန်မှာ နွေဦးတော်လှန်ရေး၏အရေးကြီးသည့် တောင်းဆိုချက်တခုဖြစ်သည်နှင့်အညီ တော်လှန်ရေးအလွန်ကာလတွင် အလေးပေး အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

လုပ်ငန်းခွင်စွန့်ခွာ၍ CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် လုပ်ငန်းခွင်စွန့်ခွာခြင်းမရှိဘဲ စစ်ကောင်စီလက်အောက်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအကြားတွင် ပိုမိုရှုပ်ထွေးသည့် အခြေအနေများ၊ ခံယူချက်များ၊ ပူးပေါင်းလုပ်ဆောင်မှုများရှိသည့်နှင့်အညီ လွယ်ကူစွာကောက်ချက်ချအကဲဖြတ်၍မရနိုင်ကြောင်း တွေ့ရှိရပါသည်။ တဦးချင်းမေးမြန်းမှုများနှင့် စစ်တမ်းဖြေဆိုမှုများကို ခွဲခြမ်းစိတ်ဖြာခြင်းမှ လုပ်ငန်းခွင်စွန့်ခွာသည့် နိုင်ငံ့ဝန်ထမ်း(GS–CDMer) များ နှင့် လုပ်ငန်းခွင်စွန့်ခွာခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းများသည် တော်လှန်ရေးကို အဖြူအမည်း နှစ်ဖက်သာရှုမြင်သည်ကို တွေ့နိုင်ပါသည်။ လုပ်ငန်းခွင်မှစွန့်ခွာခဲ့ကြသည့် GS–CDMers များကို တော်လှန်ရေးသမားများအဖြစ်လည်းကောင်း၊ လုပ်ငန်းခွင်၌ဆက်လက်လုပ်ကိုင်နေသူများအား တော်လှန်ရေးသစ္စာဖောက်များအဖြစ် လည်းကောင်းစဉ်းစားပုံဖော်ကြသည်ကို တွေ့ရပါသည်။ အကြမ်းမဖက်အာဏာဖီဆန်ရေး လူထုလှုပ်ရှားမှုဆိုသည်မှာ မိမိတတ်နိုင်သည့် ကဏ္ဍမှပူးပေါင်းပါဝင်ခြင်း၊ လူတဦးချင်းစီ၏

ပိုင်းဖြတ်စွန့်လွှတ်နိုင်မှုအရ ပါဝင်မှုပုံသဏ္ဌာန် အကန့်အသတ်များကွဲပြားခြင်း၊ လူထုတရပ်လုံးပါဝင်နိုင်သည့် ကျယ်ပြန့်သော လှုပ်ရှားမှုဖြစ်ခြင်းနှင့်အညီ တော်လှန်ရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများနှင့် တပ်ပေါင်းစုများကဲ့သို့ အချိန်ပြည့် အစဉ်တစိုက် ပါဝင်ရန်မလိုအပ်ပါ။

ထိုကဲ့သို့အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှု လက္ခဏာများအဖြစ် လူထုလူတန်းစားတရပ်လုံးအား ကိုယ်စားပြုသည့်အမြင်မှ ထည့်သွင်းစဉ်းစားခြင်းမရှိပဲ နိုင်ငံ့ဝန်ထမ်းများ၏ သဘာဝနှင့်သာ ဆက်စပ်တွေးတောနေခြင်းဖြစ်နေကြောင်း သုံးသပ်နိုင်ပါသည်။ ထို့အပြင် တော်လှန်ရေးအောင်မြင်မှုကို အချိန်တိုအတွင်းရယူလိုသည့် စေတနာစိတ်အခြေခံဖြင့် ခေတ်အဆက်ဆက် ကမ္ဘာ၏မည်သည့်နေရာမဆို ပေါ်ပေါက်ခဲ့သော တော်လှန်ရေးများတွင် ထောက်ခံသူ၊ ဆန့်ကျင်သူ၊ ကြားနေဟူသည့် အခြေခံလူအစုအဖွဲ့များ ရှိစမြဲဖြစ်ကြောင်းကို မျက်ကွယ်ပြု၍ “ရန်-ငါ” နှစ်ဖက်အတွေးအခေါ်ကို ရှေ့တန်းတင် တွေးတောခြင်းကိုလည်း တွေ့ရှိရပါသည်။

စစ်တမ်းများနှင့် တွေ့ဆုံမေးမြန်းမှုများမှတဆင့် လုပ်ငန်းခွင်စွန့်ခွာခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းများသည် တော်လှန်ရေးအလွန်ကာလတွင် မိမိတို့အပေါ်သက်ရောက်လာနိုင်သည့် စီရင်ချက် (သို့မဟုတ်) အရေးယူမှုများအား လက်ခံရန်ပြင်ဆင်ထားကြောင်း သိရသည်။ တော်လှန်ရေးကာလအတွင်း အလုပ်မှထွက်ခွာခြင်းမပြုရန် ရွေးချယ်မှုသည် သစ္စာဖောက်သည့် လုပ်ရပ်တခုအဖြစ် မှားယွင်းသည်ဟု ခံစားမိသော်လည်း အခြားရွေးချယ်စရာမရှိသောကြောင့် ထိုလမ်းကြောင်းကို ရွေးချယ်ရခြင်းဖြစ်သည်ဟု ဆိုကြသည်။ လုပ်ငန်းခွင်မှ စွန့်ခွာပြီးသည့်နောက်ပိုင်းတွင် ၎င်းတို့မိသားစုအပေါ်ကျရောက်လာနိုင်သည့် နေ့စဉ်ဘဝရပ်တည်ရေး အခက်အခဲများနှင့် ခြိမ်းခြောက်မှုအန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိုင်ခြင်း (ဝါ) စွန့်လွှတ်နိုင်ခြင်းမရှိသည့်အတွက် အလုပ်တွင်ဆက်လက်လုပ်ကိုင်ရန်မှတပါး ရွေးချယ်စရာမရှိကြောင်း သိရှိရပါသည်။

အခြားတဘက်တွင် အချို့သော လုပ်ငန်းခွင်မှ စွန့်ခွာသူ နိုင်ငံ့ဝန်ထမ်း (GS-CD-Mers) များသည် တော်လှန်ရေးကာလအတွင်း မိမိတို့စွန့်လွှတ်အနစ်နာခံနေရချိန်တွင် လုပ်ငန်းခွင်မှမစွန့်ခွာသည့် နိုင်ငံ့ဝန်ထမ်းများက စစ်ကောင်စီထံမှ အကျိုးအမြတ်များရနေသည့်အတွက် တော်လှန်ရေးအလွန်ကာလတွင် ၎င်းတို့အား အရေးယူရန် စိတ်အားထက်သန်နေပါသည်။ ထို့အပြင် တော်လှန်ရေးကာလအတွင်း ရာထူးလစာများ တိုးတက်ရယူထားခြင်းများ ရှိသည့်အတွက် တချိန်တွင် ၎င်းတို့၏လက်အောက်ငယ်သားအဖြစ် ပြန်လည် အမှုမထမ်းဆောင်နိုင်ကြောင်း ပြောကြားချက်များလည်း ရှိပါသည်။ အမှန်အားဖြင့် စစ်ကောင်စီသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မည်သည့်အာဏာကိုမှ ကျင့်သုံးရန် အခွင့်မရှိကြောင်းနှင့် လုပ်ငန်းခွင်စွန့်ခွာ၍ CDM လှုပ်ရှားမှုတွင်ပါဝင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းများအတွက် အပြည့်အဝအာမခံကြောင်း အစရှိသည့် အချက်များပါဝင်သည့် လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၏ ကြေညာချက်အမှတ် (၃/၂၀၂၁) ကို ၂၀၂၁ ဖေဖော်ဝါရီလ ၁၁ ရက်နေ့၌ပင် ထုတ်ပြန်ထားပြီးဖြစ်၍ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဖော်ဆောင်ရေး အကောင်အထည်ဖော်ရာတွင် လွယ်ကူစွာ ဖြေရှင်းနိုင်မည်ဖြစ်သည်။

လက်ရှိလုပ်ငန်းခွင်အတွင်း ဆက်လက်လုပ်ကိုင်နေသူများမှ GS–CDMers အပေါ်ထားရှိသည့် လေးစားအသိအမှတ်ပြုမှုများသည် ၎င်းတို့အကြားတွင် အပြန်အလှန် နားလည်မှုတည်ဆောက်ရန်အတွက် အခြေခံအချက်အလက်ကောင်းတခုအဖြစ် ရှုမြင်နိုင်ပါသည်။ GS–CDMers များအနေဖြင့်လည်း လုပ်ငန်းခွင်တွင် ဆက်လက်လုပ်ကိုင်နေသူများအပေါ် မိမိတို့တိုက်ပွဲဝင်တောင်းဆိုနေသည့် အနာဂတ် လူ့အဖွဲ့အစည်းတွင် ပါဝင်မည့် သာမာန်နိုင်ငံသားအရပ်သားဝန်ထမ်းများ၊ လူသားအရင်းအမြစ်အလုပ်စွမ်းအားစုများအဖြစ် နားလည်လက်ခံပြီး တဦးချင်း၊ တစုတဖွဲ့ချင်းစီ၏ လိုက်ပါနိုင်မှု၊ စွန့်လွှတ်ပေးဆပ်နိုင်မှုအရ လက်တွေ့ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ဖြစ်နိုင်ချေနည်းသည့် “ငါ” စက်ဝန်းကျယ်ပြန့်ရေး မျှော်မှန်းချက်အစား တော်လှန်ရေးအား တတ်နိုင်သည့်ကဏ္ဍမှ ထောက်ခံဝန်းရံသည့် “လိုလားသူ” စက်ဝန်းအား ချဲ့ထွင်ဖော်ထုတ်ရန် အားထုတ်သင့်ပါသည်။

လက်ရှိလုပ်ငန်းခွင်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့်လည်း မိမိတို့၏ အသက်အိုးအိမ်စည်းစိမ်အား ရန်ပြုခြိမ်းခြောက်နေသည့် စစ်ကောင်စီနှင့် ၎င်း၏ခါးပိုက်ဆောင်အဖွဲ့အစည်းများ၏ အန္တရာယ်အောက်၌ပင် တော်လှန်ရေးအား ပံ့ပိုးပေးနိုင်သည့် သတင်းများမျှဝေခြင်း၊ ငွေကြေးရိက္ခာပံ့ပိုးခြင်း၊ လုပ်ငန်းများ ကြန့်ကြာစေရန် လုပ်ဆောင်ခြင်းနှင့် ဆုံးရှုံးပျက်စီးမှုများ ဖြစ်ပေါ်စေခြင်း စသည့်လှုပ်ရှားမှုများဖြင့် လူထု၏ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ပံ့ပိုးနိုင်ရန် ကြိုးစားရမည်ဖြစ်ပါသည်။

အရပ်သားများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူ့ဂုဏ်သိက္ခာကို ထိပါးကျူးလွန်သူ၊ နိုင်ငံတကာ စစ်ဥပဒေကျင့်ထုံးများအား ချိုးဖောက်သူမည်သူမဆို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဖော်ဆောင်ရာတွင် သက်ဆိုင်ရာတရားစီရင်ရေးအလိုက် ရင်ဆိုင်ဖြေရှင်းဆောင်ရွက်ရမည် ဖြစ်သည်။ ထို့အပြင် မည်သည့်ကျူးလွန်သူမှ ပြစ်ဒဏ်ကင်းလွတ်ခွင့် မရရှိစေရန် ဆောင်ရွက်ရမည်လည်းဖြစ်ပါသည်။ အသွင်ကူးပြောင်းရေးကာလ အပါအဝင် အနာဂတ်တွင် ပေါ်ပေါက်လာမည့် မည်သည့် နိုင်ငံရေးစနစ်၊ မည်သည့်လူ့အဖွဲ့အစည်းမဆို တရားမျှတမှုအား အာမခံရမည့် နည်းတူ ပြစ်ဒဏ်ကင်းလွတ်ခွင့် မရှိစေရန်လည်း ဆောင်ရွက်မှသာ လူတဦးချင်း၏လုံခြုံရေးနှင့်ငြိမ်းချမ်း၍ သဟဇာတရှိမှုကို ဖော်ဆောင်နိုင်သည့် လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

## အတိုကောက်စကားလုံးများ

| | | |
|---|---|---|
| (၁) | GS-CDMers | လုပ်ငန်းခွင်မှစွန့်ခွာသူ နိုင်ငံ့ဝန်ထမ်းများ |
| (၂) | CDM | အကြမ်းမဖက် အာဏာဖီဆန်ခြင်းလှုပ်ရှားမှု |
| (၃) | ပျူစောထီး | ၂၀၂၁ ခုနှစ် မတ်လ ၅ ရက်နေ့တွင် မန္တလေးနှင့် ရန်ကုန်တို့တွင် ပထမဆုံး စတင်ဖွဲ့စည်းခဲ့ပြီး နောက်ပိုင်းတွင်အခြားဒေသများတွင်လည်းဖွဲ့စည်းခဲ့သည်။၎င်းတွင်စစ်မှုထမ်းဟောင်းများ၊တပ်မတော်ထောက်ခံသူများ၊အဖွဲ့ဝင်များနှင့် USDP ထောက်ခံသူများ၊ အမျိုးသားရေးဝါဒီများနှင့် အစွန်းရောက်ဝါဒီများ ပါဝင်သည်။ |
| (၄) | ပြည်သူ့စစ် | ပြည်သူ့စစ်ကို စစ်ကောင်စီမှ ပံ့ပိုးဖွဲ့စည်းပြီး လက်နက်များ ပေးအပ်ကာ ၎င်းတို့ အဆိုအရ ပြည်တွင်း မငြိမ်မသက်မှုများကို တုံ့ပြန်ရန် ဖွဲ့စည်းထားသည့်အဖွဲ့ |

## ရည်ညွှန်းအကိုးအကား


- CDM ကျောင်းဆရာကို ခေါင်းဖြတ်သတ်သည့် စစ်ကြောင်း တိုက်ခိုက်ခံရ. (2022, October 20). Retrieved from Myanmar Now: https://myanmar-now.org/mm/news/12975
- Lilian. (2022, July 14). ကျန်းမာရေးဝန်ထမ်း ၁၅၀ဦးကို ပထမဆုံးအသုတ်အဖြစ် အလုပ်ခေါ်ယူကြောင်း NUG ကြေညာ. Retrieved from People's Spring: https://www.facebook.com/LuduNwayOo/posts/pfbid0kVQmewxiTMjXuoSbUPx4AxqYUui5CUvbFMpRe1yEP4U-ma92hz6df1CyawMXFZ9p5l?__cft__[0]=AZWd_rna1iSXGyF8qvv83En05TBOcIT7p__wY4e-da-F7aZOuOaFqfghqvyNcwbdCsGkFKCWmvgNQ_7ugwTvua8D6MKM65TO3TB7kufVc-6M6YyhreUniGuejeHqoHV0gWZ1
- Lilian. (2022, April 24). ထွေအုပ် CDMဝန်ထမ်းများ အုပ်ချုပ်မှုကော်မတီကို ပြည်သူ့အုပ်ချုပ်ရေးဦးစီးဌာနအဖြစ် NUG ပြောင်းလဲဖွဲ့စည်း. Retrieved from People's Spring: https://www.facebook.com/LuduNwayOo/posts/367490578773734
- The Irrawaddy -Burmese Edition. (2022, June 7). Retrieved from ကန့်ပက်လက်မှ Non-CDM မြို့နယ်ဆရာဝန်ကြီးအပါ ဌာဆိုင်ရာဝန်ထမ်း ၈ ဦးကို CDF က နယ်နှင်ဒဏ်ပေး: https://www.facebook.com/theirrawaddyburmese/posts/5733586130018825
- ချင်းပြည်နယ်အတွင်း စစ်ကျွန်ပညာရေးနဲ့ စစ်အုပ်ချုပ်ရေးယန္တရားမှာပါဝင်ဆောင်ရွက်နေတဲ့ Non -CDM ဝန် ထမ်းတွေကိုအရေးယူမယ်လို့ CJDC ထုတ်ပြန်. (2022, May 29). Retrieved from Ayeyarwaddy Times: https://www.facebook.com/ayeyarwaddytimes/posts/2190277787796877
- စစ်ကောင်စီလက်ကိုင်တုတ် Non CDM ဝန်ထမ်းများအား အပြစ်ပေးအရေးယူမည်ဟု NUG ထုတ်ပြန်. (2022, February 4). Retrieved from DVB: http://burmese.dvb.no/archives/515170
- ဖင်းကျိုက်ရဲစခန်း ဗုံးခွဲတိုက်ခိုက်ခံရ၊ ရဲများ CDM ဝင်ကြရန် နောက်ဆုံး သတိပေးဟု PDF ပြော. (2021, October 21). Retrieved from DVB: http://burmese.dvb.no/archives/495359
- မန္တလေးမြို့တွင် Non CDM ကျောင်းဆရာမ နေအိမ် လက်လုပ်ဗုံးဖြင့် ထပ်မံပစ်ခံရ. (2021, September 12). Retrieved from DVB: http://burmese.dvb.no/archives/487192
- ရေစကြိုမြို့နယ်မှာ စစ်ကောင်စီရဲ့ ကျန်းမာရေးနဲ့ ပညာရေးယန္တရား ရပ်တန့်လုဖြစ်နေ. (2022, March 15). Retrieved from Radio Free Asia Myanmar: https://www.rfa.org/burmese/program_2/yay-zagyo-health-and-education-process-about-to-shut-down-03152022065946.html
- လက်နက်များနှင့် ပြည်သူ့ဘက်ကူးပြောင်းရပ်တည်လာသော အရာရှိ၊ စစ်သည် ၁၈ ဦးကို ကျပ်သိန်း ၄၄၀ NUG ချီးမြှင့်. (2022, June 28). Retrieved from People's Spring : https://www.ludunwayoo.com/news-mm/2022/06/28/40799/
- လောင်းလုံးတွင် Non CDM တက္ကသိုလ် ကထိကနှင့် ရပ်/ကျေး စာရေးမ ပစ်သတ်ခံရ. (2022, June 14). Retrieved from DVB: http://burmese.dvb.no/archives/538332